ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (4-2-2016) (၈၄၆၆)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရိစီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရာနေးလ်ဝစ်ခ်ရီမီ ဆင်းဟီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာရေး ဆွေးနွေး

သတင်း - စာမျက်နှာ » ၃

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအေးသာအောင်တို့ကို ရွေးချယ်တင်မြှောက်

သတင်း - စာမျက်နှာ » ၇



# ကမ္ဘာ့အရှားပါးဆုံး မိကျောင်းမျိုးစိတ်များ မျိုးသုဉ်းမသွားစေရန် မိန်းမလှကျွန်းဘေးမဲ့တောကြီးတွင် ထိန်းသိမ်းစောင့်ရှောက်ထား



ကမ္ဘာပေါ်တွင် အရှားပါးဆုံးမိကျောင်းမျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသရှိ မိန်းမလှကျွန်းဘေးမဲ့တောကြီးတွင် သဘာဝအတိုင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားကြောင်း သစ်တောရေးရာဝန်ကြီးဌာနနှင့် ဒေသခံများထံမှ သိရသည်။

ကမ္ဘာပေါ်တွင် Crocodile, Alligato, Gharial ဟူ၍ မိကျောင်းမျိုးစိတ်သုံးမျိုးရှိသည်။ မိန်းမလှကျွန်း ပတ်ဝန်းကျင် မြစ်ချောင်းများရှိ မိကျောင်းများမှာ Crocodile မျိုးစိတ်ဝင်မိကျောင်းများဖြစ်ပြီး ကမ္ဘာပေါ်တွင် အရှားပါးဆုံး၊ အဖိုးတန်ဆုံးမိကျောင်းများဖြစ်ပြီး ရေငန်မိကျောင်း၊ ငမိုးရိပ်မိကျောင်း၊ သံသုမာမိကျောင်း ဟူ၍ အမျိုးမျိုးခေါ်ကြသည်။

အဆိုပါမိကျောင်းများမှာ ယခုအခါ မျိုးသုဉ်းပျောက်ကွယ်လုဖြစ်နေပြီး ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ အရှေ့တီမောနှင့် မြန်မာနိုင်ငံတွင် အနည်းငယ်သာ ကျန်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၃-၁၉၈၄ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၁၀၀၊ ၁၉၈၄-၁၉၈၅ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၂၀၀၊ ၁၉၈၅-၁၉၈၆ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၁၀၀၊ ၁၉၈၆-၁၉၈၇ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၅၃၆ ကောင်၊ ၁၉၈၇-၁၉၈၈ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၄၇၄ ကောင်၊ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်တွင် မိကျောင်းကောင်ရေ ၄၂၀ ခြောက်နှစ်တာကာလအတွင်း မိကျောင်း ၁၈၃၀ ကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ထိုစဉ်က မိကျောင်းတစ်ပေလျှင် အမေရိကန်ဒေါ်လာ ၆၀ ဈေးနှုန်းရရှိခဲ့သည်။ ထို့နောက် ပြည်ပသို့ တင်ပို့ရောင်းချခြင်းမပြုတော့ပေ။ နိုင်ငံတော်မှ မိကျောင်းများကို ပြည်ပသို့ တင်ပို့ရောင်းချမှုမရှိသော်လည်း နိုင်ငံတကာဈေးကွက်များတွင် ဈေးကောင်းရရှိနေသဖြင့် ခိုးယူဖမ်းဆီးရောင်းချမှုများကြောင့် မိကျောင်းအကောင်ရေ သိသိသာသာ လျော့ကျလာခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

MOSQUITO NET ( ခြင်လုံဇကာ အမျိုးမျိုး )
Roll-Up ရိုလာ ခြင်လုံဇကာ
Magnetic သံလိုက် ခြင်လုံဇကာ
Motorized Insect Screen
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
MR.SCREEN
ROLLER BLIND AND MOSQUITO NET SPECIALIST
BLIND ( လိုက်ကာ အမျိုးမျိုး )
Roller Blind
Vertical Blind
Motorized Roller Blind
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
Show Room : NO 001 , 8 / North , Lay Daung Kan Street, Tarmwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar ,
PH: 01 400434, 09 45 130 9011, 09 45 130 9012

ကြေးမုံ စာ တည်း ရှု ထောင့် ၄-၂-၂၀၁၆၊ ကြာသပတေးနေ့

# နိုင်ငံရေးယဉ်ကျေးမှုတိုးတက်

မြန်မာ့နိုင်ငံရေးသမိုင်းစာမျက်နှာတွင် မှတ်တမ်းဝင်မည့် နိုင်ငံရေးယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွန်းလာပြီဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ကို အသက်ဝင်စေသည့် ငါးနှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိသော လွှတ်တော်အခင်းအကျင်းများကို နေပြည်တော်တွင် စတင်ကျင်းပနေပြီဖြစ်သည်။

ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး လွှတ်တော်သက်တမ်းကုန်ဆုံးချိန်အထိ ပုံမှန်အစည်းအဝေး (၁၃)ကြိမ်ကျင်းပနိုင်ခဲ့သည်။ ကျင်းပပြီးခဲ့သော ပြည်သူ့လွှတ်တော်မှ ဥပဒေ ၉၉ ခု ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်မှ ဥပဒေ ၉၅ ခုနှင့် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ ၃၅ ခု စုစုပေါင်း ဥပဒေ ၂၂၉ ခု ပြဋ္ဌာန်းနိုင်ခဲ့သည်။

ပြဋ္ဌာန်းခဲ့သော ဥပဒေများတွင် အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၁၀၉ ခုရှိပြီး ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေ ၁၀၃ ခုရှိသည်။ ပြန်လည်ရုပ်သိမ်းခဲ့သည့် ဥပဒေ ၁၇ ရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ရန်ကျန်ရှိခဲ့သည့် ဥပဒေကြမ်း ၂၃ ခုရှိသည်။ လွှတ်တော်များ၏မူလတာဝန်ဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာတွင် အားသာချက်များ၊ အားနည်းချက်များရှိနိုင်သော်လည်း ဥပဒေများကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အလေးထားဆောင်ရွက်ပေးခဲ့မှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းပြီး နိုင်ငံ့အကျိုးဆောင်ရွက်ခဲ့ကြသည်မှာ အမှန်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ငါးနှစ်တာကာလဆိုသည်မှာ အချိန်အားဖြင့်တိုတောင်းလှပြီး ထိုကာလအတွင်း အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ ပြုပြင်ဖွယ်ရာများ၊ သင်ခန်းစာယူဖွယ်ရာများ များစွာရရှိလိုက်သည်။

ထိုကဲ့သို့ ဒီမိုကရေစီစနစ်ကို ပုံဖော်ခင်းကျင်းခဲ့ကြသူများသည် အမျိုးသားနိုင်ငံရေးကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြသူများဖြစ်သကဲ့သို့ ဒီမိုကရေစီအုတ်မြစ်ကို အခြေခံကောင်းကောင်းချထားပေးခဲ့ကြသူများဖြစ်၍ နိုင်ငံရေးသမိုင်းမှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ ဒီမိုကရေစီအတွေ့အကြုံနှင့် နှစ်ပေါင်း ၅၀ ကျော်ကြာကင်းကွာခဲ့ပြီးနောက် ယခုကဲ့သို့ အချိန်တိုကာလအတွင်း ဒီမိုကရေစီအပိုင်းတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်များအား အသိအမှတ်ပြုလက်ခံကြရမည်ဖြစ်သည်။

ယခုဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း နောက်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပထမအကြိမ်လွှတ်တော်များမှ ရရှိခဲ့သည့် အားသာချက်များ၊ အားနည်းချက်များကို သိရှိခဲ့ကြပြီးဖြစ်သည်။ ယခု ဒုတိယအကြိမ်သက်တမ်းတွင် နိုင်ငံအတွက်ပိုမိုကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ကြမည်ဟု ယုံကြည်ပါသည်။ တာဝန်ပြီးဆုံးသွားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးအတွေ့အကြုံကောင်းများ ရရှိခဲ့ပြီးဖြစ်၍ လွှတ်တော်ပြင်ပမှ အမျိုးသားနိုင်ငံရေးကို ဆက်လက်ဆောင်ရွက်ကြဦးမည်ဟု သိရှိရသဖြင့် နိုင်ငံအတွက် ဝမ်းမြောက်မိသည်။

လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် အမျိုးသားနိုင်ငံရေးအတွက် ထမ်းဆောင်နေကြသူများဖြစ်သည်။ ပြည်သူများက ရွေးချယ်တင်မြှောက်ခဲ့ကြသူများဖြစ်၍ ပြည်သူ့အကျိုးကို ဆက်လက်ထမ်းရွက်ကြဦးမည်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအကျိုးအတွက် လူမျိုးစွဲ၊ ဘာသာစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်၍ ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပိုမိုပီပြင်လာမည်ဟု ဆိုနိုင်ပါသည်။

ဥပဒေပြုရေးသည် နိုင်ငံနှင့်ပြည်သူအတွက် အလွန်အရေးကြီးပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာသည် ပြည်သူတို့၌တည်သဖြင့် ပြည်သူတို့ကို အကျိုးပြုသော၊ ပြည်သူတို့ကိုကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေများ ပြဋ္ဌာန်းနိုင်အောင် ပြည်သူ့ကိုယ်စားလှယ်များက ခေတ်နှင့်မလျော်ညီသော ဥပဒေဟောင်းများကိုပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်းတို့ကို ပိုမိုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မဟာဗန္ဓုလလမ်းလယ် လမ်းမတော်မြို့နယ်အတွင်း လမ်းတားကပ်တိုးများ စတင်ချထား

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း၏ လမ်းမတော်မြို့နယ်အတွင်း လမ်းလယ်မျဉ်းဝါကွက်များတွင် လမ်းတားကပ်တိုးများ ယခုရက်ပိုင်းချထားသည်ကို မြင်တွေ့ရသည်။ ဖေဖော်ဝါရီ ၄ ရက်မှစ၍ အသုံးပြုခွင့်ပေးမည့် လမ်းသစ်လမ်း၊ လူကူးခုံးကျော်တံတားအနီးရှိ မဟာဗန္ဓုလလမ်းပေါ်မှ မှတ်တိုင်အနီး လမ်းလယ်တွင်လည်း ယင်းကပ်တိုးများ ချထားသည်ကို တွေ့ရသည်။

လသာ၊ ပန်းဘဲတန်းမြို့နယ်များအတွင်းရှိ လမ်းတားကပ်တိုးဝါများ မဟာဗန္ဓုလလမ်းလယ်တစ်လျှောက် စီတန်းချထားခဲ့သော်လည်း လမ်းမတော်မြို့နယ်အတွင်း မဟာဗန္ဓုလလမ်းလယ်တွင် ယခုမှ စတင်ချထားခြင်းဖြစ်သည်။ လမ်းလယ်မျဉ်းဝါကွက်များတွင် ယာဉ်ငယ်မျိုးစုံ စီတန်းရပ်ထားလေ့ရှိရာ ကပ်တိုးများချထားမှုကြောင့် ယာဉ်ရပ်ထား၍မရတော့ကြောင်း သိရသည်။

ရန်ကုန်မြို့လယ် ကားလမ်းမအချို့တွင် ဘတ်(စ်)ကားယာဉ်ကြောအပြင် မျဉ်းဝါတန်းများရေးဆွဲပေးခြင်း၊ အနော်ရထာလမ်းပေါ်တွင် လမ်းတားကပ်တိုးဝါများ စီတန်းချထားခြင်းရှိသော်လည်း လိုင်းကားကြီးငယ်များ မိမိတို့ယာဉ်ကြောအပြင်တွင် မောင်းနှင်ခြင်းသာမက လမ်းလယ်၏ အခြားတစ်ဖက်ယာဉ်ကြောပေါ်ရောက်သည်ထိ မောင်းနှင်မှုများရှိနေဆဲဖြစ်သည်။ လမ်းသစ်လမ်း၊ လူကူးခုံးကျော်တံတားအသစ်အနီးတွင် လိုင်းကားကြီးငယ်များက ခရီးသည်စောင့်တင်ခြင်း၊ မီးရထားတွဲကဲ့သို့ ဘတ်(စ်)ကားများ အတွဲလိုက် ယာဉ်နှစ်ထပ်မြင်တွေ့ရသည့်အပြင် လမ်းလယ်တစ်ဖက် ယာဉ်ကြောပေါ်ကွေ့ဝင်မောင်းနှင်ခြင်းများရှိရာ ဘေးအန္တရာယ်စိုးရိမ်ရသည်။ ယခုကဲ့သို့ လမ်းတားတိုးများ စတင်ချထားမှုနှင့်အတူ ထပ်မံချထားပေးလျှင် ဘေးအန္တရာယ်ကင်းစွာ ယာဉ်ငယ်များ မောင်းနှင်၍ရလာမည်ဖြစ်သည်။

ကားလမ်းမလယ် ကပ်တိုးများ စီတန်းချထားသဖြင့် လိုင်းကားများ လမ်းလယ်တစ်ဖက်ယာဉ်ကြောပေါ်ရောက်သည်ထိ မောင်းနှင်နိုင်မှု လျော့နည်းသွားသည်။ လမ်းဘေးရပ်ယာဉ်နားရာနေရာရှိ ယာဉ်များ ရှေ့ကားလမ်း အစွန်ယာဉ်ကြောပေါ်တွင် ယာဉ်ငယ်မျိုးစုံ စီတန်းရပ်သည့် အလေ့အကျင့်များ ရန်ကုန်မြို့တွင် တွေ့လာရမှုများလာသည်။

သို့ဖြစ်ရာ လိုင်းကားများ လမ်းလယ်ကပ်တိုးဘေး စီတန်းမောင်းနှင်ရမှုကို မြင်တွေ့ရမှုများသည် လမ်းမတော်သံဈေးတွင် ပစ္စည်းအတင်/အချပြုလုပ်မည့် ယာဉ်ငယ်များသည်လည်း လမ်းမတော် လမ်းမဘေးယာဉ်ကြောပေါ်တွင် နေ့စဉ် စီတန်းရပ်ထားမှုရှိရာ ယာဉ်ကြောတစ်ကြောစာသာ ယာဉ်သွားလာ၍ရသည်။ ယင်းယာဉ်ကြောပေါ်တွင် ထပ်မံကုန်တင်/ကုန်ချပြုလုပ်ရန် ရပ်မှုရှိလာသည့်အခါ လမ်းမပေါ်တွင် ယာဉ်များတန်းစီပိတ်ဆို့သွားတတ်သည်။ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် လမ်းမတော် လမ်းပေါ် ယာဉ်တန်းစီပိတ်ဆို့မှုသည် မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းဆုံမီးပွိုင့်နေရာကျော်သည် အထိရှိနေရာ မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်သည့်ယာဉ်များ မီးပွိုင့်စိမ်းသော်လည်း မောင်းနှင်၍မရသည်ကို ကြုံတွေ့နေရသည်ဟု (၁၈)လမ်းနေ ဦးစိုးလင်းက ဆိုသည်။

**မောင်စေအောင်**

## ပန်းချီဒီဇိုင်းပြပွဲ မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးမြို့မှ ဝါရင့်ပန်းချီဆရာကြီးဖြစ်သော ဦးအေးမြင့်(မြန်မာမှုဒီဇိုင်းသုတေသီ)၏ (၈၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပန်းချီဒီဇိုင်းပြပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပရာ မန္တလေး ပန်းချီပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(သစ်ထွင်း)နှင့် ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပန်းချီပညာဌာန ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းချီ၊ ပန်းပုကျောင်း(မန္တလေး)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းချီအနုပညာ စိတ်ဝင်စားသူများ တက်ရောက် အားပေးကြသည်။

အဆိုပါပန်းချီပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အက်ခရိုင်းလစ်လက်ရာ ပန်းချီကား ၁၀၀ ကျော်နှင့် ရတနာမွန်မဂ္ဂဇင်းတွင်ရေးဆွဲခဲ့သော မျက်နှာဖုံးပန်းချီများ၊ စက်တွင်းမှန်ချပ်စနစ်ဖြင့် ရေးဆွဲထားသော အနုစိတ်ဇာတ်တော်ကြီးဆယ်ဘွဲ့ပန်းချီကားများ၊ ရေးဆွဲပေးခဲ့သော မြန်မာ့စာပို့တံဆိပ်ခေါင်းများ ပြသထားပြီး ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ အခမဲ့ပြသသွားမည်ဖြစ်ရာ ပန်းချီဝါသနာရှင်များ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မင်္ဂလာ ဆာမာရာဝီရထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်(ရွှေဈေး) ၇၆၄၀၀၀ - ၇၆၄၀၀၀ မန္တလေး(ရွှေဈေး) ၇၆၃၅၀၀ - ၇၆၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၈. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅. ၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၉၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၅၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၆. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၁၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၄. ၈၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၀. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ မအောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီစနု ဆူဗာနာဂျတာ လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**❑ ရွှေ့ဖုံးမှ**

ထို့ကြောင့် ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှစတင်ကာ မိန်းမလှကျွန်းသစ်တောကို ဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးဥပဒေ ထုတ်ပြန်ကြေညာကာ မိကျောင်းများကို သဘာဝအတိုင်း ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ပေးခဲ့ရာ ၂၀၁၃ ခုနှစ် တွင် မိန်းမလှကျွန်းကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ မျိုးသုဉ်းပျောက်ကွယ်ရမည့်အန္တရာယ်များ ကြုံတွေ့နေရသည့် မိကျောင်းများကို ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ဥပဒေများထုတ်ပြန်ကာ ထိန်းသိမ်းကာကွယ်မှုများ ပြုလုပ်



နေကြရသည်။ ယခုအခါ အဆိုပါမိကျောင်းများသည် လုံးဝကာကွယ်စောင့်ရှောက်ထားသည့် တိရစ္ဆာန်များ စာရင်းဝင်ဖြစ်နေပြီး ဖမ်းဆီးသတ်ဖြတ် ရောင်းချပါက ထောင်ဒဏ်သုံးနှစ်မှ ခုနစ်နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ကြောင်း သိရသည်။

မိန်းမလှကျွန်းသည် ရေငန်ပိုင်ဦးရှင်ကြီးနှင့်ပတ်သက်ဆက်နွယ်ကာ နာမည်ကြီးနေသည့်ကျွန်းဖြစ်သည်။ မိကျောင်းများသည် မိန်းမလှကျွန်းအရှေ့ဘက် ဘိုကလေး မြစ်နှင့် အနောက်ဘက် ကဒုံကနိမြစ် စသည့်မြစ်များ၏ ကျောက်ခဲချောင်း၊ သောင်ချောင်း၊ ချောင်းဇောက်၊ သပြေချောင်း၊ မဲချောင်းစသည့် ချောင်းကြီး ကိုးချောင်းနှင့် ရေကျော်ကြီး၊ ချောင်းပြဲကြီး၊ တပ်ဗေကြီးစသည့် ချောင်းကြီးများတွင် ကျက်စားနေထိုင်ကြသည်။ အရွယ်အစားမှာ အလျားတစ်ပေမှ ပေနှစ်ဆယ်ကျော်အထိရှိပြီး သက်တမ်းတစ်ရာခန့်အထိ အသက်ရှင်နေနိုင်ကြသည်။ မိကျောင်းအမများသည် တစ်ကြိမ်လျှင် ၂၅ လုံးမှ ၄၅ လုံးအထိ ဥဥလေ့ရှိသည်။ နှစ်စဉ် မေလမှ ဩဂုတ်လအတွင်း မိတ်လိုက်ခြင်း၊ အသိုက်ပြုလုပ်ခြင်း၊ ဥဥခြင်းများ ပြုလုပ်ကြပြီး စက်တင်ဘာနှင့် အောက်တိုဘာလများတွင် အကောင်ပေါက်ကြသည်။ မိကျောင်းများသည် အဆိုပါ အချိန်ကာလများတွင် ရန်လိုစိတ်အလွန်ပြင်းထန်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ အန္တရာယ်ကင်းစေရန်နှင့် သတိပြုမိစေရန် မိကျောင်းသတိပေးဆိုင်းဘုတ်များ စိုက်ထူပေးထားကြောင်း သိရသည်။

ရေချို၊ ရေငန်စပ် မိကျောင်းများသည် ၎င်းတို့၏ခန္ဓာကိုယ် အပူဓာတ်လုံလောက်စွာမရလျှင် အအေးဓာတ်လွန်ကဲကာ သေဆုံးသွားနိုင်သဖြင့် ရေအောက်တွင် ကြာရှည်မနေကြ။ တာဝန်ရှိသူများက နှစ်စဉ် ဒီဇင်ဘာလတွင် မိကျောင်းစာရင်းများကို ကောက်ယူကြသည်။ ၁၉၉၀ ပြည့်နှစ်မတိုင်မီက မိန်းမလှကျွန်းပတ်ဝန်းကျင်တွင် မိကျောင်းအကောင်ရေ သုံးထောင်ကျော်အထိ ရှိခဲ့သော်လည်း ယခုအခါ အကောင်ရေ တစ်ရာကျော်ခန့်သာရှိနေပြီး အရွယ်မရောက်သေးသည့် မိကျောင်းငယ် ငါးဆယ်ခန့် ပါဝင်နေသဖြင့် မိကျောင်းကြီးများ သိသိသာသာလျော့နည်းလာနေပြီဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့ရှားပါးသတ္တဝါများဖြစ်သည့် မြန်မာ့ရေသယံဇာတ မိကျောင်းများမှာ သိသိသာသာလျော့နည်းလာနေသဖြင့် နိုင်ငံတော်မှ လိုအပ်သည့်ဥပဒေများ ထုတ်ပြန်ကာ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် NGO အဖွဲ့အစည်းများမှ မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်နေသော်လည်း အပြည့်အဝထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထိရောက်သည့်ကူညီပံ့ပိုးမှု၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုနှင့် နည်းပညာများလိုအပ်နေကြောင်း သဘာဝပတ်ဝန်း ကျင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့နှင့် ဘေးမဲ့တောများ ထိမ်းသိမ်းကာကွယ်ရေးအဖွဲ့များ၏ အဆိုအရ သိရသည်။

**(ဇာညီမြင့်)**

## မြန်မာနိုင်ငံဆိုင်ရာ အီရန်နိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးအဖြစ် အီရန်သံအမတ်ကြီး မစ္စတာ ဟိုစိန် ကာမာလီယံ၏နေရာတွင် မစ္စတာ မိုဆမ်မိုဟာမက်ဒီအား ခန့်ထားရန် သဘောတူပြီး ဖြစ်သည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီကို ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နိုင်ငံရေးဆိုင်ရာဆက်ဆံရေးဘာသာဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ အင်္ဂလိပ်၊ တူရကီ၊ အာရေဗျ၊ ပြင်သစ်နှင့် ရုရှား ဘာသာစကားများကို တတ်ကျွမ်းသည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန အနောက်အာရှဌာန ညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တက်ရှ်ခန်မြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံရုံး၌ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဓနသဟာယနှင့် နိုင်ငံရေးပါတီ ဦးဆောင်အဖွဲ့ ညွှန်ကြားရေးမှူးရုံးတွင် နိုင်ငံတကာကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အဆိုပါရုံး၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဟယ်လ်စင်ကီးမြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံရုံးတွင် သံရုံးဒုတိယအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန အနောက်ဥရောပ ညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ လက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာလုံခြုံရေး ညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘာလင်မြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံရုံး၌ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လက်နက်ဖျက်သိမ်းရေးကွန်ဗင်းရှင်းများဆိုင်ရာ အီရန်အမျိုးသားအာဏာပိုင်အဖွဲ့တွင် ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ ဓနသဟာယနှင့် နိုင်ငံရေးပါတီဦးဆောင်အဖွဲ့ ညွှန်ကြားရေးမှူးရုံး(၂)၌ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

# ဇီကာဗိုင်းရပ်စ် ကာကွယ်ဆေး တွေ့ပြီ




**နယူးဒေလီ ဖေဖော်ဝါရီ ၃**

ခြင်ကြောင့်ဖြစ်ပွားသော ပျံ့နှံ့မှုနှုန်းမြင့်မားသည့် ဇီကာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးကို အိန္ဒိယဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃ ရက်တွင် အဆိုပါကုမ္ပဏီက ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်းဒဟာရာပရာဒေ့ရှ်ပြည်နယ်ရှိ ဟိုက်ဒါရာဘတ်မြို့အခြေစိုက် ဇီဝနည်းပညာဆိုင်ရာ နိုင်ငံတကာကုမ္ပဏီက ဇီကာဗိုင်းရပ်စ် ကာကွယ်ဆေး တွေ့ရှိခြင်းအတွက် မူပိုင်ခွင့်လျှောက်လွှာတင်သွင်းခဲ့ပြီးဖြစ်သည်။

အဆိုပါကုမ္ပဏီသည် ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေးကို ကမ္ဘာပေါ်တွင် ပထမဆုံးတွေ့ရှိထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်းနှင့် ကာကွယ်ဆေးကို လွန်ခဲ့သော ကိုးလကတည်းက ရှာဖွေတွေ့ရှိထားပြီး မူပိုင်ခွင့်လျှောက်လွှာတင်သွင်းထားကြောင်း ယင်းကုမ္ပဏီ အကြီးအကဲ ဒေါက်တာကရီရှန်နာ အီလာက ဆိုသည်။

ကုမ္ပဏီအနေဖြင့် ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေး ထွက်ပေါ်လာစေရန် လူသားရော တိရစ္ဆာန်များနှင့်ပါ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ရန် အိန္ဒိယအစိုးရ၏ အကူအညီကို ရယူခဲ့သည်ဟု ဒေါက်တာအီလာက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇီကာဗိုင်းရပ်စ်ပျံ့နှံ့မှုသည် နိုင်ငံတကာ လူထုကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် တစ်ရက်အကြာတွင် ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေး ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီက အတိအလင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်နမူနာအများအပြားကို စစ်ဆေးပေးရသော်လည်း နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်သူ တစ်ဦးတစ်ယောက်မျှ မရှိသေးကြောင်း သိရသည်။

ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူသည် ဦးနှောက်ဖွံ့ဖြိုးမှုမရှိသည့် ကလေးငယ်များ မွေးဖွားသည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ အောက်တိုဘာလကစပြီး ဘရာဇီးနိုင်ငံ တစ်နိုင်ငံတည်းမှာပင် ဇီကာဗိုင်းရပ်စ်ကူးစက်သူဦးရေ ၄၀၀၀ ဝန်းကျင်ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# ရုရှားနိုင်ငံလုပ် ကီလိုအတန်းအစား ရေငုပ်သင်္ဘော ဗီယက်နမ်သို့ ဆိုက်ရောက်

**ဟနွိုင်း ဖေဖော်ဝါရီ ၃**

ဗီယက်နမ်နိုင်ငံအတွက် ရုရှားနိုင်ငံလုပ် ကီလိုအတန်းအစား ပဉ္စမမြောက် ရေငုပ်သင်္ဘောတစ်စင်းကို တင်ဆောင်ထားသော ကုန်သင်္ဘောတစ်စင်းသည် ဖေဖော်ဝါရီ ၂ ရက် ညပိုင်းတွင် မြို့တော်ဟနွိုင်းတောင်ဘက် ကီလိုမီတာ ၁၀၄၀ အကွာရှိ တောင်ပိုင်းကမ်းရိုးတန်းဒေသ ကမ်ဟောင်ပြည်နယ်ရှိ ကမ်ရမ်းပင်လယ်ကွေ့သို့ ရောက်ရှိလာကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။



ဗီယက်နမ်နှင့် ရုရှားတို့ရရှိခဲ့သော ကန်ထရိုက်သဘောတူညီချက်အရ ကီလိုအတန်းအစား ရေငုပ်သင်္ဘောခြောက်စင်း တည်ဆောက်ပေးမည်ဖြစ်ပြီး ယခုရရှိသော ရေငုပ်သင်္ဘောသစ်ကို ရက်အနည်းငယ်အတွင်း ရေချမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံပိုင် ဗွီအင်န်အေသတင်းဌာနကဖော်ပြသည်။

ယခုရောက်ရှိလာသည့် ရေငုပ်သင်္ဘောသည် အလျား ၇၄ မီတာခန့်ရှိသည်။ ရေအနက်မီတာ ၃၀၀ ထိ ငုပ်လျှိုးကာ မောင်းနှင်နိုင်စွမ်းရှိပြီး တစ်နာရီလျှင် ရေမိုင် ၂၀ အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်ကာ ရေငုပ်သင်္ဘောတပ်ဖွဲ့ဝင် ၅၂ ဦးလိုက်ပါနိုင်ကြောင်း ဗွီအင်အေသတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်ရေတပ်က လက်ခံရရှိခဲ့သော ကီလိုအတန်းအစား ရေငုပ်သင်္ဘောများကို ဗီယက်နမ်နိုင်ငံမှ အဓိကမြို့ကြီးများနှင့် ပြည်နယ်များ၏အမည်များကို အသုံးပြုကာ မှည့်ခေါ်ထားသည်။ ယခင်ရေငုပ်သင်္ဘောလေးစင်းကို အိတ်ချ်ကျူ-၁၈၂ဟနွိုင်း၊ အိတ်ချ်ကျူ-၁၈၃ဟိုချီမင်းစီးတီး၊ အိတ်ချ်ကျူ-၁၈၄ ဟိုင်ပေါင်ချ်နှင့် အိတ်ချ်ကျူ-၁၈၅ ကမ်ဟောင်တို့ဖြစ်သည်။ ယင်းရေငုပ်သင်္ဘောများကို ရေငုပ်သင်္ဘောတပ်ရင်းအမှတ် ၁၈၉ သို့ လွှဲပြောင်းပေးထားပြီးဖြစ်သည်။

**ဆင်ဟွာ။**

# ဂြိုဟ်တုလွှတ်တင်မည်ဆိုသော မြောက်ကိုရီးယား၏ ကြေညာချက်ကြောင့် ဒေသတွင်း၌ စိုးရိမ်ပူပန်မှုဖြစ်ရ

**ပေကျင်း ဖေဖော်ဝါရီ ၃**

လာမည့်ရက်သတ္တသုံးပတ်တာကာလအတွင်း မြေကမ္ဘာလေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုတစ်လုံးကို လွှတ်တင်မည်ဟူသော မြောက်ကိုရီးယားနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်ပေါ်ထွက်လာခြင်းနှင့်ပတ်သက်၍ ယင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက စိုးရိမ်ပူပန်မှုဖြစ်ရသည်ဟု ထုတ်ဖော်ပြောကြားကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂြိုဟ်တု လွှတ်တင်မည်ဆိုသော မြောက်ကိုရီးယား၏ ကြေညာချက်ကြောင့် စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း ယင်းနိုင်ငံ၏ မဟာမိတ်တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် ရည်ရွယ်ချက်ဖြင့် ဂြိုဟ်တုလွှတ်တင်မှုကို အယောင်ဆောင်ပြုလုပ်ရန်စီစဉ်နေကြောင်း ကုလသမဂ္ဂက ဝေဖန်ပြောကြားသည်။

**ရိုက်တာ။**

# နိုင်ငံအတွင်းဝင်ရောက်လာသည့် မည်သည့်ဒုံးလက်နက်ကိုမဆို ပစ်ချဖြိုခွင်းရန် ဂျပန်ကာကွယ်ရေးဝန်ကြီး အမိန့်ပေး

**ကျိုတို ဖေဖော်ဝါရီ ၃**

ဂျပန်ကာကွယ်ရေးဝန်ကြီး နာကာတာနီက နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် မည်သည့်ဒုံးလက်နက်ကိုမဆို ပစ်ချဖြိုခွင်းရန် အမိန့်ပေးထားပြီးဖြစ်ကြောင်း ၎င်းက ဇန်နဝါရီ ၃ ရက်တွင် ပြောကြားခဲ့သည်။



ဂျပန်ကာကွယ်ရေးဝန်ကြီး နာကာတာနီ။

မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၈ ရက်မှ ၂၅ ရက်အတွင်း ဒုံးကျည်ပစ်လွှတ်ရန် အကြောင်းကြားချက်ထွက်ပေါ်လာပြီးနောက် ဝန်ကြီး နာကာတာနီက ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ အပါအဝင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်တာဝန်ရှိသူများနှင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံ၏ ပိုင်နက်ထဲသို့ ကျရောက်လာသည့် မည်သည့် ဒုံးကျည်ကိုမဆို ပစ်ချဖြိုခွင်းရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်သည် အဆင်သင့်ဖြစ်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးက မီဒီယာသို့ ပြောကြားသည်။

အဆိုပါအမိန့် ထွက်ပေါ်လာပြီးနောက် SM3 ကြားဖြတ် တိုက်ခိုက်ရေးဒုံးကျည်များ တင်ဆောင်ပြီး Aegis ဖျက်သင်္ဘောများက ဂျပန်ပင်လယ်ပြင်နှင့် အရှေ့တရုတ်ပင်လယ်များအတွင်းသို့ အဆင်သင့်ရောက်ရှိနေပြီဖြစ်သည်။

တိုကျိုနှင့် အိုကီနာဝါကျွန်းရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် အခြေစိုက်စခန်းများတွင် PAC 3 ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကို ဆင်မြန်းထားကြောင်း သိရသည်။ အိုကီနာဝါကျွန်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများအပါအဝင် လက်နက်ကြီးများဖြိုခွင်းရာတွင် စစ်ဆင်ရေးကြီးကြပ်နိုင်ရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော်အရာရှိများကိုလည်း အိုကီနာဝါကျွန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပိတ်ဆို့ခံထားရသော ဖလူဂျာမြို့၌ စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်နေ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃**

အီရတ်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့၏ ခြေကုပ်စခန်းတည်ရာ ဖလူဂျာမြို့ကို လုံခြုံရေးတပ်ဖွဲ့များက ဝန်းပတ်ပိတ်ဆို့ထားသဖြင့် ဒေသခံအရပ်သူ၊ အရပ်သားများမှာ ပိတ်မိနေပြီး စားနပ်ရိက္ခာ၊ ဆေးဝါးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အီရန်ထောက်ခံသော ရှီးယိုက်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းပစ်ကူပေးမှုဖြင့် ဖလူဂျာမြို့ကို လွန်ခဲ့သည့်နှစ်နှောင်းပိုင်းမှစ၍ လုံးဝနီးပါးဝန်းပတ်ပိတ်ဆို့ထားခဲ့သည်။ ဖလူဂျာမြို့သည် ယူဖရေးတီးမြစ်ဝှမ်း၌ တည်ရှိပြီး မြို့တော်ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၅၀ (မိုင် ၃၀) အကွာ၌ ရှိသောမြို့ကြီးတစ်မြို့ဖြစ်သည်။

ဖလူဂျာမြို့ရှိ သိန်းနှင့်ချီသောပြည်သူများမှာ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် စက်သုံးဆီ ရှားပါးပြတ်လပ်မှုနှင့် တွေ့ကြုံခံစားနေရကြောင်း တာဝန်ရှိသူများနှင့်ဒေသခံများက ပြောကြားကြသည်။

ဒေသခံပြည်သူအချို့မှာ ငတ်မွတ်ခေါင်းပါးခြင်း၊ ဆေးဝါးကုသမှုခံယူနိုင်မှုမရှိခြင်းတို့ကြောင့် သေဆုံးခဲ့ရသည်ဆို၏။ သို့ရာတွင် လုံခြုံမှုမရှိခြင်းနှင့် ဆက်သွယ်ရေးညံ့ဖျင်းမှုတို့ကြောင့် မြို့အတွင်း ဖြစ်ပေါ်နေသော အခြေအနေများကို အတိအကျမသိရပေ။

ဖလူဂျာမြို့သည် ဆွန်နီတို့၏ခြေကုပ်စခန်းအဖြစ် ကာလရှည်ကြာစွာတည်ရှိသည်။ အီရတ်နိုင်ငံတွင် အိုင်အက်စ်အဖွဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည့် ပထမဆုံးသော မြို့ကြီးဖြစ်သည်။

**ရိုက်တာ။**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အတွင်း စနစ်တကျသတင်းရယူနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြည်တွင်း ပြည်ပသတင်းမီဒီယာများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ကော်မတီဆောင်၌ ပြည်တွင်းပြည်ပသတင်းမီဒီယာများအားတွေ့ဆုံပြီး လွှတ်တော်အတွင်း စနစ်တကျသတင်းရယူနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ရွေးချယ်တင်မြှောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်မည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်မှတ်တမ်းများပြသရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်မည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ပြုစကားပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်မှတ်တမ်းများ ရှင်းလင်းပြသခြင်းတို့ကို ယနေ့နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်နာယက ရုံးခန်း၌ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်စဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဇမ္ဗူသီရိဆောင်ရှိ လွှတ်တော်စာကြည့်တိုက်နှင့် မှတ်တမ်းမော်ကွန်းဌာန၊ လေ့ကျင့်ရေးဗဟိုဌာနနှင့် သင်တန်းခန်းမများ၊ e-Library ခန်းနှင့် ဧည့်သည်တော် လက်ခံတွေ့ဆုံသည့်ခန်းမများကို ကြည့်ရှုသည်။**(အောက်ပုံ) (သတင်းစဉ်)**



# ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စတင်ကျင်းပသည်။ ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)မှ ဦးအေးသာအောင်ကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။**

**အစည်းအဝေးအပြီးတွင် တက်ရောက်လာသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အချို့အား အမျိုးသားလွှတ်တော်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်သည့် သဘောထားအမြင်များ၊ ဖြစ်ပေါ်လာနိုင်သည့် လွှတ်တော်ရေးရာအခြေအနေများ၊ တိုင်းရင်းသားရေးရာများနှင့် နိုင်ငံရေးရာများကို ကြေးမုံသတင်းစာမှ မေးမြန်းခဲ့သည်-**



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမန်းထွန်းကြိုင်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်။

"ဒီကနေ့ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ သဘာပတိ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတွေရွေးချယ်တင်မြှောက်တာနဲ့ ပတ်သက်လို့ အတော်လေးကျေနပ်စရာ ကောင်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကျွန်တော်တို့ဒေသနဲ့ ပတ်သက်လို့ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကို လွှတ်တော်မှာ တင်သွင်းဆွေးနွေးသွားဖို့ ရည်ရွယ်ထားပါတယ်"ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ရွေးချယ်တင်မြှောက်ခံရသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းနိုင်က ပြောကြားသည်။

"ဒီကနေ့ ပထမဆုံးကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ကရင်တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ဦးမန်းဝင်းခိုင်သန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်တဲ့ ဦးအေးသာအောင်ကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်နိုင်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်က ပညာရေးဌာနက လာတဲ့သူဆိုတော့ လွှတ်တော်မှာ ပညာရေးနဲ့ လူငယ်တွေရဲ့ ကိစ္စတွေကို အဓိက ထားဆောင်ရွက်သွားမှာပါ။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့လည်း တင်ပြဆွေးနွေးသွားဖို့ရှိပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသည့် ကရင်တိုင်းရင်းသား ဦးမန်းထွန်းကြိုင်က ပြောကြားသည်။

"ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ လွှတ်တော်မှာ အင်အားအနည်းစုဖြစ်ပေမယ့် ကျွန်တော်အားမငယ်ပါဘူး။ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြောထားတာရှိပါတယ်။ လွှတ်တော်မှာ ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲနဲ့ ဘာသာစွဲတွေမထားဘဲ ပူးပေါင်းလုပ်ဆောင်သွားရမယ်လို့ ဆိုပါတယ်။ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို အတတ်နိုင်ဆုံး ပူးပေါင်းလုပ်ဆောင်သွားမယ်။ တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်သွားမယ်ဆိုတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာ ဖြစ်တဲ့အတွက် အားမငယ်ပါဘူး။ ကျွန်တော့်အနေနဲ့ လွှတ်တော်မှာ ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့အဆို၊ တိုင်းဒေသကြီးနဲ့ ပတ်သက်တဲ့အဆိုနဲ့ နိုင်ငံတစ်ဝန်းလုံးသက်ဆိုင်တဲ့ အဆိုတွေ တင်သွင်းသွားမှာဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်က ပြောကြားသည်။

"ငြိမ်းချမ်းရေးကိစ္စတွေမှာ နိုင်ငံတော်ကိုရော၊ ပါတီကိုပါဦးဆောင်နေကြတဲ့ ဦးစီးဦးဆောင်လုပ်ကြမယ့် ပုဂ္ဂိုလ်တွေက ဦးတည်ပြီးသွားနေကြတာဆိုတော့ အငြင်းပွားစရာ မရှိတော့ပါဘူး။

အငြင်းပွားဖွယ်ရာ ပြဿနာတွေဟာ ဘယ်နယ်မြေထဲမှာ စတင်ဖြစ်ထွန်းသလဲဆိုရင် မျှော်လင့်ချက်နဲ့ စွမ်းဆောင်ပေးနိုင်တဲ့ ကြားထဲမှာ ကွာခြားချက်ရှိတာဟာ ပြဿနာတွေ မွေးထုတ်ရာနေရာပါပဲ။ ဒါကြောင့် မျှော်လင့်ချက်တွေ မြင့်ပြီးတော့ စွမ်းဆောင်မှုတွေ နိမ့်မယ်ဆိုရင် အဲ့ဒီမျှော်လင့်ချက်နဲ့ စွမ်းဆောင်မှုတွေအတွင်းမှာ ပြဿနာတွေ ပေါ်ပေါက်နိုင်ပါတယ်။ ဒါကြောင့်မို့ ဘယ်လောက်ထိ စွမ်းဆောင်ပေးနိုင်မလဲဆိုရင် လက်ရှိတိုင်းပြည်ရဲ့ အထွေထွေသော အခြေအနေအပေါ်မှာ မူတည်ပြီးတော့ အဖြစ်နိုင်ဆုံး၊ အပြည့်ဝဆုံး စွမ်းဆောင်ပေးဖို့လိုသလို ပြည်သူလူထုကလည်း ဖြစ်နိုင်ခြေထက် ပိုမိုလွန်ကဲတဲ့ မျှော်လင့်ချက်မျိုးတွေ လျှော့ပေါ့ဖို့ လိုတယ်ဆိုတဲ့ နှစ်ခုစလုံးကို ချိန်ညှိသွားရမယ်လို့ ကျွန်တော်သုံးသပ်ပါတယ်။

အမျိုးသားလွှတ်တော်မှာ ရွေးချယ်လိုက်တဲ့ ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတွေဟာ တိုင်းရင်းသားတွေ ဖြစ်တာနဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော်ရဲ့ သဘောသဘာဝကိုက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားရေးရာကိစ္စတွေအတွက် အဓိကရည်ရွယ်ထားတဲ့လွှတ်တော်ဖြစ်ပါတယ်။ အဲဒီလို လွှတ်တော်မှာ ဦးဆောင်ဦးရွက်ပြုမယ့်သူတွေက တိုင်းရင်းသားတွေဖြစ်တော့ သက်ဆိုင်ရာတိုင်းရင်းသားတွေက ပိုပြီးတော့လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်မှာ ဖြစ်တဲ့အတွက် ကြိုဆိုပါတယ်"ဟု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးအောင်ကြည်ညွန့်က ပြောကြားသည်။

"ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ပါတီက ဒီရွေးကောက်ပွဲဝင်စဉ် အချိန်မှာကတည်းက ရွေးကောက်ပွဲကြေညာချက်ထဲမှာပါတဲ့ ပုံစံတွေအတိုင်းပဲ ကျွန်တော်တို့ အောက်ခြေမှာရှိနေတဲ့ ပြည်သူလူထုတွေကို သူတို့တင်ပြတဲ့အချက်တွေကို ဒီမှာလာပြီးတော့ ဆွေးနွေးပေးဖို့ရှိပါတယ်။

အရင်တုန်းက ပါတီအင်အားကလည်း နည်းတယ်။ နည်းတဲ့အတွက်ကြောင့် ပြည်သူ့အတွက် လုပ်ချင်စိတ်ရှိပေမယ့်လည်း လုပ်ရချင်မှ လုပ်ရခဲ့တာပါ။ အခုဆိုရင် ကျွန်တော်တို့အဖွဲ့ဝင် အင်အားတွေကလည်း များလာပြီဖြစ်တဲ့အတွက် လုပ်ပေးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားမှာပါ။ ဒါပေမယ့်လည်း ကျွန်တော်တို့ဆီမှာက လုပ်ပေးနိုင်မယ့် လိုအပ်ချက်တွေက ကျွန်တော့်အမြင်ပြောရရင်တော့ များနေပါတယ်။ ကျွန်တော်တို့ လုပ်ပေးနိုင်မယ့် သက်တမ်းတိုအတွင်းမှာတော့ ထိထိရောက်ရောက်နဲ့ လိုအပ်တဲ့အတိုင်း အတာတစ်ခုအထိတော့ လုပ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေးက ပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
အောဝမ်းစိုး(ကြေးမုံ)

# သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်တွင် မြန်မာဗျည်းအက္ခရာ (၃၃) လုံးကို သင်ပါသည်

ပညာရေးအခြေခံများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသော အခြေခံပညာရေး၏ အစကနဦးသည်ကား သူငယ်တန်းဖြစ်သည်။ သူငယ်တန်းဟူသည် မြန်မာ့ပညာရေးလောကတွင် ယနေ့မှ စတင်ဖြစ်ပေါ်လာသော အသစ်အဆန်းအတန်းမဟုတ်ပေ။ ယခင်ကတည်းက ရှိခဲ့ပြီးသော အတန်းဖြစ်ပါသည်။

သူငယ်တန်းသို့ ရောက်ရှိလာကြသူများသည် ငါးနှစ်အရွယ် ကလေးငယ်များဖြစ်ပေသည်။ မိဘရင်ခွင်မှ ဆရာ့ရင်ခွင်သစ်သို့ ကူးပြောင်းလာကြသူများလည်းဖြစ်သည်။ အိမ်အရိပ်မှ ကျောင်းအရိပ်သို့ ကူးပြောင်းခိုလှုံလာကြသူများလည်းဖြစ်သည်။ အနှီသူငယ်တန်းကလေးများသည် မိဘရင်ခွင်လွမ်း၍ အိမ်ကိုလွမ်းသော အလွမ်းဓာတ်ခံရှိကြသူများ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာပါ ပတ်ဝန်းကျင်အသစ်သို့ကူးပြောင်းကာစ အရွယ်၊ အတန်းဖြစ်ပါသည်။ ထို့ကြောင့် ထိုအတန်းရှိ ထိုအရွယ်ကလေးများကို ကျောင်းနေပျော်အောင် မွေးမြူကြရမည် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

သူငယ်တန်းသင် ဆရာ ဆရာမသည် သူငယ်တန်းကလေးများကို အခြေခံပညာရေးနှင့် ချိတ်ဆက်မိစေရန်အတွက် မသိမသာ လေ့ကျင့်သင်ကြားပေးရ၏။ ကလေးတို့ကို အလိုလိုက်အကြိုက်ဆောင်ပေးရင်း ကလေးတို့၏ သင်ယူမှုဖွံ့ဖြိုးလာအောင် စေ့ဆော်ပေးရ၏။ သူငယ်တန်းတွင် ကျောင်းနေပျော်အောင် မွေးပေးရင်း အခြေခံပညာရေး၏ ပင်မဖြစ်သော ပညာရေးအခြေခံများကို သင်ယူနိုင်ရန် အဆင်သင့်ဖြစ်လာသည်အထိ လေ့ကျင့်သင်ကြားပေးရ၏။ ထို့ကြောင့် သူငယ်တန်းသင်ဆရာမတို့၏တာဝန်သည်ကား ကြီးမားလွန်းလှပေ၏။ သိမ်မွေ့နက်နဲလွန်းလှ၏။ ခက်ခဲလွန်းလှ၏။ အနုပညာဆန်သော အနုပညာလုပ်ငန်းကို ညင်သာသိမ်မွေ့စွာ ဆောင်ရွက်နေကြရသောသူများဟူ၍ ဂုဏ်ပြုအပ်ပါသည်။

သူငယ်တန်းကလေးများ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု တည်းဟူသော ဖွံ့ဖြိုးမှုသုံးရပ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သူငယ်တန်းကလေးများနှင့် သင့်လျော်မည့်၊ သူငယ်တန်းကလေးများနှင့် သဟဇာတဖြစ်မည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းများကိုသာ ရေးဆွဲပြုစုကြရ၏။ ခေတ်အဆက်ဆက်တွင်လည်း ခေတ်နှင့်အညီ ခေတ်မီစေမည့် သင်ကြားနည်းပုံစံများ၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲပြုစုခဲ့ကြပေသည်။

ယနေ့ကာလတွင် မြန်မာ့ပညာရေးအဆင့်အတန်း၊ စံချိန်စံညွှန်း၊ အရည်အသွေးကို နိုင်ငံတကာပညာရေး စံချိန်စံညွှန်း၊ အရည်အသွေး၊ အဆင့်အတန်းနှင့်အညီ အမီဖြစ်အောင်ကူးပြောင်းရန်လိုအပ်နေပြီဖြစ်ပါသည်။ ထို့ကြောင့် KG+10 အတန်းစဉ်မှ KG+12 အတန်းစဉ်သို့ ကူးပြောင်းရန်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ KG+12 အတန်းစဉ်တွင် (KG+5+4+3) ဖြင့် ဖွဲ့စည်းထားပါသည်။ KG+12 အတန်းစဉ်သို့ ကူးပြောင်းရာတွင် အတန်းစဉ်အားလုံးကို တစ်ပြိုင်နက်တည်း ချက်ချင်းပြောင်းလဲသွားမည်မဟုတ်ပေ။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ KG(သူငယ်တန်း)ကိုသာ ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ သူငယ်တန်းအတန်းဝင်သူများသည်သာလျှင် KG+12 အတန်းစဉ်နှင့် အကျုံးဝင်မည်ဖြစ်ပါသည်။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်မှ စတင်သင်ကြားပေးမည့် KG(သူငယ်တန်း)အတွက် သင်ရိုးညွှန်းတမ်းသစ်ပြုစုရာတွင် ပထမတန်းခေါ် Grade - 1 သို့ အတန်းကူးပြောင်းရာ၌ ချိတ်ဆက်မိစေရန် အထူးအလေးထားပြီး စီစဉ်ပြုစုထားခြင်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်သင်ကြားပေးမည့် KG(သူငယ်တန်း) သင်ရိုးညွှန်းတမ်းသစ်သည် ဘာသာရပ်နယ်ပယ်ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားခြင်းသာဖြစ်ပါသည်။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားသော KG(သူငယ်တန်း) သင်ရိုးညွှန်းတမ်းသစ်သည် မြန်မာ့ပညာရှင်များ၊ နိုင်ငံတကာပညာရှင်များ၏ အဆိုအမိန့်များနှင့်အညီ ပြုစုထားသော သင်ရိုးညွှန်းတမ်းသစ်များဖြစ်ပါသည်။

KG(သူငယ်တန်း)သင်ရိုးညွှန်းတမ်းသစ်တွင် ခြုံငုံမိသော သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ခြောက်ခုမှာ-

(၁) ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း
(၂) စာရိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း
(၃) အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း
(၄) သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း
(၅) အနုပညာရသ ခံစားခြင်းနှင့် ဖန်တီးခြင်း
(၆) ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းတို့ ဖြစ်ပါသည်။

အဆိုပါနယ်ပယ်ခြောက်ခုကို ဖွံ့ဖြိုးမှုအဆင့်ဆင့်နှင့် လိုက်လျောညီထွေဖြစ်စေမည့်၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်စေမည့် အကြောင်းအရာများကို လေ့ကျင့်သင်ကြားပေးနိုင်ရန်စီစဉ်ပေးထားခြင်းဖြစ်ပါသည်။

သူငယ်တန်းသင်ရိုးညွှန်းတမ်းသစ်ကို ရေးဆွဲပြုစုရာတွင် အစဉ်အဆက်က ကြည်ညိုလေးစား အားကိုးခဲ့ကြရသော ဆရာ့ဆရာကြီးများ၏ နည်းနာနိဿယများ၊ နိုင်ငံတကာ ပညာရေးပညာရှင်များ၏ အဆို၊ အမိန့်၊ မှာကြားချက်များကိုလည်း နာယူရပါသည်။

**စတင်သင်ကြားပေးမည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းသစ်တွင် မြန်မာဗျည်းအက္ခရာ(၃၃)လုံးအနက် (၈)လုံးကို ချန်လှပ်သင်ကြားမည်ဆိုသည်မှာ မဟုတ်မမှန်ဘဲ "ကကြီးမှ အ" အထိ မြန်မာဗျည်းအက္ခရာ(၃၃)လုံးကို ပီပီသသရွတ်ဆိုနိုင်စေရန်၊ အရစ်အဆွဲမှန်ကန်စွာ ရေးသားတတ်စေရန် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးမည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ဖြစ်၏။**

ဆရာကြီး ဦးဝန်နှင့် ဆရာကြီးဦးဘတို့ပြုစုခဲ့သော မူလတန်း မြန်မာဖတ်စာအမှာစာတွင် "ကျောင်းသုံးစာအုပ်သည် ကလေးသူငယ်တို့ အလိုဆန္ဒ၊ ဝါသနာ၊ စရိုက်နှင့် ကိုက်ညီရမည်" ဟူ၍ လည်းကောင်း၊ "စကားလုံးဝေါဟာရတို့၏ အလွယ် အခက်၊ အနည်းအများကို အသက်အရွယ်အဆင့်အတန်းနှင့် ကိုက်ညီအောင် စီစဉ်ရမည်"ဟူ၍လည်းကောင်း အဆိုအမိန့်ပြုထားပါသည်။ ကလေးတို့နှင့် လိုက်လျောညီထွေဖြစ်စေမည့် "ဝန်နှင့်အား"ကို ချင့်ချိန်နိုင်စေရန် သတိပေးထားသော အမှာစာဟူ၍ မှတ်ယူနာခံရပါသည်။ ယခု KG (သူငယ်တန်း) သင်ရိုးညွှန်းတမ်းသစ်တွင် သူငယ်တန်းကလေးတို့၏"ဝန်နှင့်အား"ကို ချင့်ချိန်လျက် သင်ယူဖွံ့ဖြိုးမှုနယ်ပယ်ကို စီစဉ်ထားခြင်းဖြစ်ပေသည်။

သူငယ်တန်းသင်ရိုးညွှန်းတမ်းသစ်ကို ပထမတန်းခေါ်(Grade-1)နှင့် ချိတ်ဆက်သင်ကြားပေးနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်ရာ ပထမတန်းတွင် သင်ကြားရမည့် မြန်မာစာနှင့် ချိတ်ဆက်မိစေရန်အတွက် မြန်မာဗျည်းအက္ခရာ(၃၃)လုံးကိုလည်း အဆင့်ဆင့်သင်ကြားပေးရမည်ဖြစ်ပါသည်။ မြန်မာဗျည်းအက္ခရာ(၃၃)လုံးကို သင်ကြားပေးရာတွင် ရှေးဦးစွာ မြန်မာဗျည်းအက္ခရာ မိတ်ဆက်တေးကဗျာများဖြင့် အစပျိုးမိတ်ဆက်သင်ကြားပေးရမည်သာဖြစ်ပါသည်။

သူငယ်တန်းဖတ်စာများတွင် ထည့်သွင်းဖော်ပြခဲ့သော "က ကန်စွန်းပင် ရေမှာရှင်"၊ "က ကညစ် ပေမှာခြစ်"၊ "က ကလေးငယ် ချစ်စဖွယ်" အစရှိတေးကဗျာများသည် မြန်မာဗျည်းအက္ခရာ မိတ်ဆက်တေးကဗျာများပင်ဖြစ်ပါသည်။ ထိုမြန်မာဗျည်းအက္ခရာ မိတ်ဆက်တေးကဗျာများတွင် သူငယ်တန်းကလေးများ ရွတ်ဆိုရလွယ်ကူသော မြန်မာဗျည်းအက္ခရာများကိုသာ သူငယ်တန်းကလေးများနှင့် မိတ်ဆက်ပေးထားပါသည်။ မြန်မာဗျည်းအက္ခရာ တေးကဗျာတို့ကို ရွတ်ဆိုရင်းဖြင့် ကျွန်ုပ်တို့သည်လည်း ရွတ်ဆိုရလွယ်ကူသော၊ အဆင်ပြေချောမွေ့သော၊ မခက်ခဲသော မြန်မာဗျည်းအက္ခရာများကို မှတ်မိသိရှိခဲ့ရပါသည်။

သူငယ်တန်းကလေးများကို မြန်မာဗျည်းအက္ခရာ(၃၃)လုံးနှင့် ရင်းနှီးကျွမ်းဝင်အောင်၊ မြန်မာဗျည်းအက္ခရာ (၃၃)လုံး၏ အမည်နာမများကိုသိရှိမှတ်မိအောင် သင်ကြားပေးရာတွင် လွယ်ရာမှခက်ရာသို့ အဆင့်ဆင့် သင်ကြားပေးရမည်ဖြစ်ပါသည်။

အဆင့်ဆင့် သင်ကြားပေးရင်းဖြင့် သူငယ်တန်းကလေးများသည် မြန်မာဗျည်းအက္ခရာ(၃၃)လုံး၏ အမည်နာမများကို သိရှိမှတ်မိအောင် သင်ယူနိုင်မည်ဖြစ်ပါသည်။

ထိုမှတစ်ဆင့်တက်၍ မြန်မာဗျည်းအက္ခရာရေးနည်းကို လေ့ကျင့်သင်ကြားပေးရမည်သာဖြစ်ပါသည်။ ထိုသို့လေ့ကျင့်သင်ကြားပေးရာတွင်လည်း သူငယ်တန်းကလေးတို့၏ အရွယ်၊ စရိုက်၊ အကြိုက်ကိုသတိမူလျက် လွယ်ရာမှ ခက်ရာသို့ အဆင့်ဆင့် မြှင့်၍မြှင့်၍သင်ပေးရမည်သာဖြစ်ပါသည်။

သူငယ်တန်းကလေးများ စိတ်ညစ်ညူးစေမည့်၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့်၊ အခက်အခဲဖြစ်စေမည့်၊ စာကိုကြောက်၍ ကျောင်းကပျောက်သွားစေမည့် အမှုအားလုံးကို ရှောင်ကြဉ်ကြရပေမည်။ သူငယ်တန်းကလေးတို့၏ သင်ယူနိုင်စွမ်း အဆင်သင့်ဖြစ်သည်

ရေနံ့သာမောင်ကျော်ညွန့်

အထိ လေ့ကျင့်သင်ကြားပေးရင်းသင်ယူနိုင်စွမ်းအဆင့်သင့်ဖြစ်သည့် အဆင့်နှင့်အညီ သင်ကြားပေးမှသာ သူငယ်တန်းကလေးတို့၏ စိတ်ဓာတ်ဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုတို့ ရှင်သန်နေမည်ဖြစ်ပါသည်။

သူငယ်တန်းကလေးများကို မြန်မာဗျည်းအက္ခရာ(၃၃)လုံး အရေးကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးရာတွင်လည်း အလွယ်မှအခက်သို့ တစ်ဆင့်ချင်းတက်ပြီး အရေးလေ့ကျင့်သင်ကြားပေးရမည်သာ ဖြစ်ပါသည်။ အရစ်အဆွဲလွယ်ကူသော ဗျည်းအက္ခရာများကို လေ့ကျင့်သင်ကြားပေးပြီးမှသာ အရစ်အဆွဲခက်ခဲသော (ဥပမာ-ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ)ဗျည်းအက္ခရာများ ရေးသားနည်းကို ဆက်လက်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါသည်။ ကလေးတို့၏ လိုအင်နှင့်အညီ၊ စွမ်းဆောင်နိုင်သည့် စွမ်းအားနှင့်အညီ လေ့ကျင့်သင်ကြားပေးမှသာလျှင် သင်ကြားမှုလုပ်ငန်းသည်လည်း အောင်မြင်မည်ဖြစ်ပါသည်။ လောဘတကြီး အလောကြီး၍ သင်ကြားပေးမှုသည် သူငယ်တန်းကလေးအတွက် ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေတတ်သည်ကို သတိမူကြရမည်ဖြစ်ပါသည်။

၁၉၅၀ ပြည့်နှစ်တွင် ဆရာကြီးဦးဖေမောင်တင်စီစဉ်ရေးသားပြုစုခဲ့သော သူငယ်တန်းမြန်မာဖတ်စာတွင်လည်း မြန်မာဗျည်းအက္ခရာ (၃၃) လုံးကို သူငယ်တန်းကလေးများနှင့် ရင်းနှီးကျွမ်းဝင်အောင်စီစဉ်ပြီးမှ သင်ခန်းစာ(၁)တွင် ——၊ ——၊ ——း ကို သင်ကြားပေးရာ၌ လွယ်ကူသောဗျည်းအက္ခရာများကို အခြေပြုပြီး သင်ကြားပေးရန် တိုက်တွန်းမှာကြားထားသည်ကိုလည်း လေ့လာသိရှိရပါသည်။ ထို့ပြင် ဆရာကြီးဦးဖေမောင်တင်၏ အမှာစာတွင် ဖော်ပြထားသော "စာသင်သူငယ်တို့အား ဤ(၉)ဌာနသော**"သရ"** များကို တစ်စုတစ်ရုံးတည်းမသင်ပြသင့်။ ၎င်းဌာနတို့ကို တစ်ခုစီဆိုင်ရာသင်ခန်းစာသင်သောအခါကျမှ သင်ပြရာ၏" ဟူသော အဆိုအမိန့်ကိုလည်း သတိမူသင့်၊ သတိပြုသင့်လှ၏။ ဆိုင်ရာအခန်းရောက်သည်နှင့် သူ့နေရာနှင့်သူ အံ့ဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ရာ သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ယူရမည်ဖြစ်သော သူငယ်တန်းကလေးများသည်လည်း ဆိုင်ရာအခန်းရောက်သည်နှင့် သူ့နေရာနှင့်သူ အံ့ဝင်ခွင်ကျဖြစ်အောင် ဗျည်းအက္ခရာ(၃၃)လုံးကို သင်ကြားပေးမည်ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် (သူငယ်တန်း)တွင် စတင်သင်ကြားပေးမည့် သူငယ်တန်း သင်ရိုးညွှန်းတမ်းသစ်တွင် မြန်မာဗျည်းအက္ခရာ(၃၃)လုံးအနက် (၈) လုံးကို ချန်လှပ်သင်ကြားမည်ဆိုသည်မှာ မဟုတ်မမှန်ဘဲ **"ကကြီးမှအ"** အထိမြန်မာဗျည်းအက္ခရာ(၃၃)လုံးကို ပီပီသသရွတ်ဆိုနိုင်စေရန်၊ အရစ်အဆွဲမှန်ကန်စွာရေးသားတတ်စေရန် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးမည့် သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအေးသာအောင်တို့ကို ရွေးချယ်တင်မြှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ ၌ကျင်းပပြီး လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် ဦးအေးသာအောင်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းကို အမျိုးသားလွှတ်တော် သဘာပတိအဖြစ် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ဝင်းတို့က ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်း တစ်ဦးတည်းကိုသာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁ အရ ဦးမန်းဝင်းခိုင်သန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။



အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်သဘာပတိ၏ရှေ့မှောက်တွင်ကတိသစ္စာပြုကြစဉ်။(သတင်းစဉ်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးတို့က ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးအေးသာအောင် တစ်ဦးတည်းကိုသာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ဦးအေးသာအောင်အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သဘာပတိ ဦးဇုန်လှယ်ထန်းက ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာအောင် ဆောင်ရွက်နိုင်ရန် ရရှိလာသည့် အခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီး မှန်မှန်ကန်ကန် သစ္စာရှိစွာဆောင်ရွက်ရင်း မိမိတို့၏ ကောင်းမွန်သည့် သမိုင်းသစ်ကို ရေးထိုးရမည်ဖြစ်ပါကြောင်း။

မိမိတို့၏နိုင်ငံကို ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးမှုရရှိရေးနှင့် အမျိုးသားရင်ကြားစေ့ရေးရရှိရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် တရားဥပဒေများ လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့၏ အမျိုးသားလွှတ်တော်သည် နိုင်ငံတော်၏ အာဏာသုံးရပ်အနက် ဥပဒေပြုရေးအာဏာ ရရှိထားသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် လိုအပ်သည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်၊ မလိုအပ်သည့်ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မိမိတို့ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများမထားဘဲ မိမိတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ကြပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ဟု ခံယူပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

## ၃-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်မှုအခြေအနေ




**ရှင်းလင်းချက်**

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | - | ၁၆၈ ဦး | NLD | - | ၁၃၅ | ဦး | = | ၆၀. ၂၇ | % | NUP | - | ၁ | ဦး | = | ၀. ၄၅ | % |
| တပ်မတော်သားကိုယ်စားလှယ် | - | ၅၆ ဦး | USDP | - | ၁၁ | ဦး | = | ၄. ၉၁ | % | PNO | - | ၁ | ဦး | = | ၀. ၄၅ | % |
| အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း | - | ၂၂၄ ဦး | ANP | - | ၁၀ | ဦး | = | ၄. ၄၆ | % | MNP | - | ၁ | ဦး | = | ၀. ၄၅ | % |
| တက်ရောက်သည့်ကိုယ်စားလှယ်စုစုပေါင်း | - | ၂၂၃ ဦး | SNLD | - | ၃ | ဦး | = | ၁. ၃၄ | % | IC | - | ၂ | ဦး | = | ၀. ၈၉ | % |
| ခွင့်တိုင်ကြားသူ(တစ်သီးပုဂ္ဂလ) | - | ၁ ဦး | ZCD | - | ၂ | ဦး | = | ၀. ၈၉ | % | DSPC | - | ၅၆ | ဦး | = | ၂၅ | % |
| | | | TNP | - | ၂ | ဦး | = | ၀. ၈၉ | % | | | | | | | |

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP = ရခိုင်အမျိုးသားပါတီ
SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
NUP = တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)

ပြည်တွင်းရေးရာ

# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ထာဝရမပြောင်းလဲသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းကြောင့် လက်ရှိတပ်မတော်နှစ်ရပ်ဆက်ဆံရေးမှာလည်း အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာနှင့် တွေ့ဆုံဆွေးနွေးစဉ် ထည့်သွင်းပြောကြားသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နှစ်ဖက်တပ်မတော် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ရပ်တည်လုပ်ဆောင်မှုများ၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် Banquet Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း လှည့်လည်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်သို့သွားရောက်၍ ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**



ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ကာ စေတီတော်ကြီးအား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စေတီတော် ပရိဝုဏ်အတွင်းရှိ ဆင်ဖြူတော်များအား သွားရောက်ကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ Grand Treasures ရွှေရတနာနှင့် ပိုးထည်တိုက်နှင့် The Rich Gem ကျောက်မျက်ရတနာဆိုင်သို့ သွားရောက်လေ့လာကြသည်။

**(မြဝတီ)**

◆**လာအိုမှ**

မြန်မာနိုင်ငံအစိုးရကလည်း လွန်ခဲ့သည့်နှစ်လကတည်းကပင် မဂ္ဂါဝပ် ၃၀၀ ခန့်အထိ ပေးပို့နိုင်မည့် စီမံကိန်းနှင့် စပ်လျဉ်း၍ လာအိုနိုင်ငံသို့ အဆိုပြုထားကြောင်း လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဖောင်က ဗီယန်ကျင်းတိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် လျှပ်စစ်ဓာတ်အားအသုံးပြုမည့်နေရာနှင့် လျှပ်စစ်ဓာတ်အားပေးပို့နိုင်မည့်လမ်းကြောင်းအပါအဝင် အဆိုပါစီမံကိန်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို လေ့လာလျက်ရှိကြောင်းလည်း လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဖောင်က ဆက်လက်ပြောကြားသည်။

ထို့ပြင် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှုကို ယခု ၂၀၁၆ ခုနှစ်တွင် စတင်မည်ဖြစ်ကြောင်းလည်း လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန အတွင်းရေးမှူး ဒေါက်တာ ခမ်မနီအင်သီရက်သ်က မကြာသေးမီက ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက်ပါတီကွန်ဂရက်တွင် ပြောကြားခဲ့သည်။

လာအိုနိုင်ငံသည် ကနဦးအနေဖြင့် လာအိုနိုင်ငံ၏ Luang Namtha ပြည်နယ်နှင့် နီးစပ်မှုရှိသည့် မြန်မာနိုင်ငံ၏ ကျေးရွာအချို့ကို ပမာဏနည်းသော လျှပ်စစ်ဓာတ်အားကို စတင်ပေးပို့မည်ဖြစ်ကြောင်း ဗီရာဖောင်က ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှုနှင့် စပ်လျဉ်း၍ လာအိုနိုင်ငံတောင်ပိုင်းရှိ Attapeu ပြည်နယ်တွင် ယခုနှစ်အတွင်း အသစ်တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြင့် လျှပ်စစ်ဓာတ်အားပေးပို့သွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်မူဝါဒနှင့်စီမံကိန်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဖိုနီကီယိုက ပြောကြားခဲ့သည်။

လာအိုနိုင်ငံတောင်ပိုင်းဒေသသည် ၂၀၁၇ ခုနှစ်တွင် Xekaman 4, Xekaman Sanxay, Xekong 3, Xekong 3 Ha စသည့် လျှပ်စစ်ဓာတ်အား အများအပြားထွက်ရှိမည့် ရေအားလျှပ်စစ်စက်ရုံလေးရုံ ပြီးစီးမည်ဖြစ်ကြောင်းလည်း သိရသည်။

**(ငွေကြယ်)**

❖ **စာမျက်နှာ ၇ မှ**

ကြီးဖြစ်ပေါ်ရေးအတွက်လိုအပ်သည့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့်ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယနေ့စတင်ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၂၂၄ ဦးအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၃၅ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၁ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၀ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ၃ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ ၂ ဦး၊ တစ်သီးပုဂ္ဂလပါတီမှ ၁ ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ ၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ ၁ ဦးနှင့် မွန်အမျိုးသားပါတီမှ ၁ ဦး စုစုပေါင်း ၂၂၃ ဦး တက်ရောက်ခဲ့ကြပြီး တစ်သီးပုဂ္ဂလမှ ၁ ဦး ခွင့်တိုင်ကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွှတ်တော်ရုပ်သံလိုင်း နေ့စဉ်ထုတ်လွှင့်နေမှု အသိပေးတင်ပြထား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူ့ဗဟိုပြု ရုပ်မြင်သံကြားနှင့် အသံလွှင့်ဝန်ဆောင်မှုလုပ်ငန်းသို့ ပြောင်းလဲရန် အခြေခံကျသည့်ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၃ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအထိ နာရီစဉ်လိုက်သတင်းများကို ထုတ်လွှင့်ခဲ့သကဲ့သို့ အောက်တိုဘာ ၁၅ ရက်တွင် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအဖြစ် Farmers channel, National Races channel နှင့် Hluttaw channel များကို စတင်ထုတ်လွှင့်နိုင်ခဲ့သည်။

Hluttaw channel ကို နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ၁၆ နာရီကြာ ထုတ်လွှင့်ပေးလျက်ရှိပြီး လွှတ်တော်ပုံမှန်အစည်းအဝေးများ၊ တစ်ပတ်အတွင်း လွှတ်တော်သတင်းများနှင့် ညစဉ်ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ အစီအစဉ်တို့ ထည့်သွင်းတင်ဆက်ပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ကာ နေ့စဉ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို မွန်းတည့် ၁၂ နာရီမှ စတင်ကာ ထုတ်လွှင့်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ရက်မှ စတင်ကာ လွှတ်တော်ပုံမှန်အစည်းအဝေးများကို နံနက် ၁၀ နာရီမှ လွှတ်တော်ပြီးဆုံးချိန်အထိ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိသည်။

Hluttaw channel တွင် လွှတ်တော်ပုံမှန်အစည်းအဝေးများအပြင် လွှတ်တော်သုံးရပ်ဆိုင်ရာကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းအစီအစဉ်များ၊ လွှတ်တော်သမိုင်း (မြန်မာ/အင်္ဂလိပ်)နှင့် လွှတ်တော်သုံးရပ် မှတ်တမ်းတို့ကို ပြင်ပမီဒီယာကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်၍ ၂၀၁၅ ခုနှစ် ဧပြီလမှ စတင်ကာ ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့သည်။

လွှတ်တော်ပုံမှန်အစည်းအဝေးများကို Hluttaw Channel တွင်သာမက MRTV News Channel တွင်လည်း နေ့စဉ် မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၄ နာရီတွင်ရရှိပြီး လွှတ်တော်သတင်းများအားလည်းကောင်း၊ ည ၇ နာရီတွင် လွှတ်တော်သတင်း အပြည့်အစုံကိုလည်းကောင်း၊ ည ၈ နာရီသတင်းတွင် လွှတ်တော်သတင်းအကျဉ်းချုပ်ကိုလည်းကောင်း ထည့်သွင်းထုတ်လွှင့်ခဲ့သည်။

လွှတ်တော်အစည်းအဝေးသာမက ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီများ၏ အစည်းအဝေးများ၊ ဥက္ကဋ္ဌများ၏ ပြည်တွင်း ပြည်ပခရီးစဉ်များလည်း ထည့်သွင်းထုတ်လွှင့်ပေးခဲ့သည်။

ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များအစီအစဉ်ကို ညစဉ် ၉ နာရီသတင်းအပြီးနှင့် မွန်းတည့် ၁၂ နာရီ သတင်းအပြီးတွင် ပုံမှန်ထုတ်လွှင့်လျက်ရှိသည်။ တစ်ပတ်အတွင်း လွှတ်တော်သတင်း အစီအစဉ်ကိုလည်း စနေနေ့ မွန်းလွဲပိုင်းတွင် ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိသည်။

ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးစတင်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၄ နာရီ၊ ညနေ ၅ နာရီ၊ ည ၇ နာရီ၊ ည ၈ နာရီသတင်းများတွင် အင်တာဗျူးအစီအစဉ်များပါ ထည့်သွင်းလျက် ယခင်ထုတ်လွှင့်မှုပုံစံအတိုင်း ထုတ်လွှင့်လျက်ရှိကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း လူမျိုးဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် လူမျိုး၊ ဘာသာမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားသော စိတ်စေတနာဖြင့် ပြုစုကုသပေးကြရန်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဆေးရုံအတွက် ဆေးဝါးရရှိမှုနှင့် အဆောက်အအုံပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လူနာများနှင့်တွေ့ဆုံ၍ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို ဝေဖန်သုံးသပ်ပြီး ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်အောင် ကြိုးစားကြရန်နှင့် လူနာများအပေါ် လူမျိုး၊ ဘာသာမခွဲခြားဘဲ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်း စာနာထောက်ထားစိတ်ထားကာ စေတနာဖြင့် ပြုစုကုသပေးကြရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည်ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် မောင်တောခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအားကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ ဆက်လက်၍ မောင်တောမြို့ ဘဂုံးနားကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး သံသယဖြစ်ဖွယ် တွေ့ရှိခဲ့သော လတ်တလော ပျော့ခွေ



အကြောသေ လူနာကလေးငယ်အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုကာ လူနာမိဘများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ဘဂုံးနားအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ နေ့လယ်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၏ လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးရုံအဆောင်သစ် ဆောက်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် အောင်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကိုကြည့်ရှု၍ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီဆောင်ရွက်ပေးနေသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် သက်ကယ်ပြင်ကျေးရွာတွင် ဖွင့်လှစ်ထားသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဌာနတွင် ကုသမှုခံယူနေသော အတွင်းလူနာများနှင့် သားဖွားခန်းအားကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုအခါ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူများကဲ့သို့ဘင်္ဂါလီလူမျိုးများကိုလည်း အပြည့်အဝဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**စစ်တွေမြို့ အောင်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ လာရောက်ဆေးကုသမှုခံယူကြသော ဘင်္ဂါလီများအား တွေ့ရစဉ်။ (သတင်းစဉ်)**

## ❖ကျောဖုံးမှ

နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် လက်ရွေးစင်ကစားသမားများ လေ့ကျင့်မှုပိုမိုပြည့်ဝစေရန်အတွက် တစ်ပတ်လျှင် တစ်ရက် လေ့ကျင့်ခြင်းဖြစ်ပြီး ဗုဒ္ဓဟူးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၀၊ ၁၇၊ ၂၄၊ မတ် ၂ ရက်နှင့် ၉ ရက်တို့တွင် ထပ်မံလေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စခန်းဝင်လေ့ကျင့်မှုကို မတ် ၁၄ ရက်မှသာ စတင်မည်ဖြစ်သည်။ လက်ရှိ ရွေးချယ်ထားသည့် ပဏာမလူစာရင်းနှင့်ပတ်သက်၍ ဝေဖန်မှုအချို့ရှိနေပြီး လက်ရှိပြည်တွင်းလိဂ်ပွဲစဉ်များတွင် ခြေစွမ်းပြနေသူများ ပါဝင်လာခြင်းမရှိပေ။

ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ- ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ- ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ- မီရိုဆလပ်၊ ကစားသမားများအဖြစ် ဂိုး- ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ပြည့်ဖြိုးအောင်၊ နောက်တန်း- ရဲဝင်းအောင်၊ ဖြိုးကိုကိုသိန်း၊ အောင်ဇော်၊ နန္ဒကျော်၊ ကျော်ဇင်လွင်၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်၊ ဇော်လင်း၊ သိန်းဇော်၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ အလယ်တန်း- ငြိမ်းချမ်းအောင်၊ သက်နိုင်၊ နေလင်းထွန်း၊ သီဟဇော်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ကြည်လင်း၊ ကျော်မင်းဦး၊ ရန်အောင်ကျော်၊ မျိုးကိုထွန်း၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ရှေ့တန်း- အောင်သူ၊ ကျော်ကိုကိုနှင့် ဆောင်လမန်တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံတွင် ခြေစမ်းကစားမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ဓာတ်ငွေ့ထုတ်လုပ်မှုမှ ရရှိသည့်ငွေပမာဏ၏ (၅၁) ရာခိုင်နှုန်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိမ်းထားသည်မှာ မဟုတ်မှန်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

သတင်းဂျာနယ်အချို့တွင် ဖော်ပြပြောဆိုနေသည့် သဘာဝသယံဇာတဓာတ်ငွေ့ထုတ်လုပ်မှုမှ ကောက်ခံရရှိငွေပမာဏ၏ (၅၁) ရာခိုင်နှုန်းကို နိုင်ငံတော် ဘတ်ဂျက်သို့မဝင်ဘဲ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကပဲ သိမ်းထားသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။



"ဒီကိစ္စကို Extractive Industries Transparency Initiative (EITI) အစီရင်ခံစာပြုစုတဲ့ နိုင်ငံတကာလွတ်လပ်သော စာရင်းစစ်အဖွဲ့ Moore Stephens အဖွဲ့က လာရောက်စစ်ဆေး အတည်ပြုထားပြီးပါပြီ။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေးတွေမှာလည်း အရပ်ဘက်အဖွဲ့ ကိုယ်စားလှယ်များက မေးမြန်းမှုရှိလို့ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဒီငွေတွေကို မိမိတို့ စွမ်းအင်ဝန်ကြီးဌာန သဘောတစ်ခုတည်းနဲ့ သုံးစွဲခွင့်မရှိကြောင်း ရှင်းပြထားပြီးသားပါ။ မြန်မာနိုင်ငံရဲ့ ပထမအကြိမ် EITI အစီရင်ခံစာမှာလည်း တိတိကျကျ ပြောဆိုထားပြီးသားပါ။ ဒါကြောင့် နိုင်ငံတကာEITI အဖွဲ့ အစည်းကို တင်ပြထားတဲ့ မြန်မာနိုင်ငံရဲ့ EITI အစီရင်ခံစာကို သေသေချာချာဖတ်စေချင်ပါတယ်။ ဒီငွေတွေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ညွှန်ကြားချက်နဲ့အညီ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်၊ လွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့်သာ သုံးစွဲခွင့်ရှိပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်ဘဲ၊ လွှတ်တော်ရဲ့ ခွင့်ပြုချက်မရဘဲ သုံးစွဲလို့မရပါဘူး။ ခွင့်ပြုထားတဲ့အတိုင်း သုံးစွဲမှုရှိ၊ မရှိကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှာ ခြောက်လတစ်ကြိမ်စစ်ဆေးပါတယ်" မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းဌေးအောင် **(အပေါ်ပုံ)**က ပြောကြားသည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ငွေစာရင်းနှင့် အခြားစာရင်းရှင် ( Other Account ) ကို မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားရှိ ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအောက်ရှိ အခြားစာရင်းရှင်( Other Account ) ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အမြတ်၏ ၂၅ ရာခိုင်နှုန်း ဝင်ငွေခွန်နှင့် ၂၀ ရာခိုင်နှုန်း နိုင်ငံတော်ထည့်ဝင်ငွေများ ထည့်ဝင်ပြီးပါက ကျန်ရှိသည့် ၅၅ ရာခိုင်နှုန်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ နှစ်စဉ်နောက်ဘဏ္ဍာရေးနှစ်သို့ ဆက်လက်သယ်ဆောင်ခွင့်ပြုခဲ့ကြောင်းနှင့် ရည်ရွယ်ချက်မှာ နောင်တစ်ချိန်တွင် မိမိရန်ပုံငွေဖြင့် မိမိရပ်တည်ဆောင်ရွက်နိုင်စေရန် အရင်းအနှီးစုဆောင်းပေးခြင်းဖြစ်ကြောင်း ဦးသန်းဌေးအောင်က ဆက်လက်ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများကို ၁၉၉၈ ခုနှစ်တွင် ရတနာစီမံကိန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ရဲတံခွန်စီမံကိန်း၊ ၂၀၁၃ ခုနှစ်တွင် ရွှေစီမံကိန်းနှင့် ဇောတိကစီမံကိန်းစသည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းလေးခုမှ လတ်တလောတွင် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂ဘီလီယံခန့်ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်မှု၏ ၇၅ ရာခိုင်နှုန်းကို ယခင်စာချုပ်များအရ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ ပိုက်လိုင်းမှတစ်ဆင့် ရောင်းချလျက်ရှိသည်။ ကုန်းတွင်းပိုင်းထွက်ရှိမှု အပါအဝင် ၂၅ ရာခိုင်နှုန်းကို ပြည်တွင်း၌ အသုံးပြုလျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ**
**အောဝမ်းစိုး (ကြေးမုံ)**

## ❋နိုင်ငံတကာရိုးရာလက်ဝှေ့မှ

နိုင်ငံတကာ အထူးစိန်ခေါ်ပွဲများနှင့်အတူ ပြည်တွင်းစိန်ခေါ်ပွဲများဖြစ်သည့် သပြေအောင်(ဘိလပ်မြေစက်ရုံ)နှင့် နက္ခတ်အောင် (တောင်ကလေး)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောဒါဝိတ် (တောင်ကလေး)၊ စောထူးဇော်(ဒို့ရိုးရာ)နှင့် မြလင်းအောင်(ရွှေကုက္ကိုလ်)၊ စောမင်းအောင်(တောင်ကလေး)နှင့် စောအယ်လေး (ရွှေကုက္ကိုလ်)၊ ဉာဏ်မင်းလွင်(ထွန်းသွင်)နှင့် အိုးအိုး (ဟံသာဝတီသား)၊ ရိုးမသစ္စာ (နဂါးမာန်)နှင့် အံ့ပွား(ကောလင်း) တို့က ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြည်တွင်းအထူးပွဲစဉ်အနေဖြင့် ဝင်းထွန်း(T & T)နှင့် သူရရဲအောင်(မန္တလေး)တို့ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ပြည်တွင်း အထူးစိန်ခေါ်ပွဲတစ်ပွဲက တစ်ချိန်က လက်ဝှေ့ချန်ပီယံဟောင်းကြီးတွေဖြစ်တဲ့ ဝင်းထွန်းနဲ့ သူရရဲအောင်တို့တွဲဆိုင်းပါ။ တစ်ခါကလက်ဝှေ့လောကမှာ နာမည်ကြီးခဲ့တဲ့ သူတွေပါ။ သူရရဲအောင်ဆိုရင် ရွှေခါးပတ်ချန်ပီယံဘွဲ့ လေးကြိမ်လောက်ထိရခဲ့ဖူးသူပါ"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲများကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Media Management နှင့် Moe Intertainment တို့က ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ပြီး ကြိုတင်လက်မှတ်များကို ဖုန်း ၀၉-၂၅၇၆၆၆၅၆၇ နှင့် ၀၉-၇၈၁၉၉၉၂၀၄ တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ■

## ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**မုံရွာ ဖေဖော်ဝါရီ ၃**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ကြီးမှူး၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်း၌ ခင်းကျင်းပြသမည့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနပြခန်း၌ ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်အခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "တိုင်းဒေသကြီးအတွင်း ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သူများအနေနဲ့ (ဒေသ/နိုင်ငံခြား) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်တွေကို မည်သူမဆို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနပြခန်း ပြည်သူ့အားကစားကွင်း မုံရွာမြို့မှာ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီမှ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပြီး ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

ပါဝင်ယှဉ်ပြိုင်ရမယ့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနဲ့ ပန်းမန်များအနေနဲ့က ဘူး၊ ဖရုံ၊ သခွား၊ ဖရဲသီး တစ်လုံးစီ၊ မုန်လာပွင့်၊ ဂေါ်ဖီထုပ် တစ်ထုပ်၊ မုန်လာဉဖြူ၊ မုန်လာဉနီ၊ နို့ကိုဉ၊ ခရမ်းသီး ငါးလုံး၊ နဂါးမောက်၊ သင်္ဘောသီး သုံးလုံး၊ သံပရာ၊ ရှောက်သီး ငါးလုံး အတွဲ လိုက်၊ ငရုတ်သီး၊ ခရမ်းချဉ်သီး ၁၀ လုံး၊ ဇီးသီး ၁၀ လုံး၊ ပန်းမန်(ပန်းအလှ၊ အရွက်အလှ) တစ်အိုး၊ အာလူး ငါးလုံး၊ ငှက်ပျော၊ ကွမ်းသီး၊ အုန်းသီး တစ်ခိုင်၊ ပိန်းဉ၊ မျောက်ဉ၊ ဝဉ ငါးလုံး၊ အလှပန်းအိုး တစ်အိုးတို့ဖြစ်ပြီး အခြားထူးခြားမှုရှိတဲ့ အသီး၊ အရွက်၊ အပွင့်၊ ဉ၊ အပင်များဖြင့်လည်း လာရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ပြောသည်။ **ဖိုးချမ်း(မုံရွာ)**

## မန္တလေးမြို့တွင် ပန်းပင်များနှင့်အတူကျောက်စားပွဲ၊ အရုပ်များဖြင့်အလှဆင်မှုများပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၃**

မြို့ပြဒေသ တိုက်ခန်းများနှင့် အိမ်ခန်းများ၏ ဝရန်တာများတွင် စိတ်ကြည်လင်စေရန် အလှပန်းအိုးများ စိုက်ပျိုးလေ့ရှိသည်။ သစ်ပင် ပန်းမန်များ စိုက်ပျိုးကာ ပြုစုပျိုးထောင်ခြင်းသည် စိတ်ကိုပျော်ရွှင်စေပေသည်။ မန္တလေးမြို့ပေါ်တွင် ခြံဝိုင်းများ တိုက်ခန်းများတွင် အလှစိုက်ပျိုးနိုင်ရန် ကျုံးမြောက်ဘက် ရတနာပုံ တိရစ္ဆာန်ဉယျာဉ် အနီးတစ်ဝိုက်နှင့် ကျုံးအရှေ့ဘက်ပျိုးပင် အရောင်းဆိုင်များက တွင်ကျယ်စွာစိုက်ပျိုး ရောင်းချပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်ဟူသော ဆောင်ပုဒ်အတိုင်း မြန်မာလူမျိုးများသာမက ကမ္ဘာ့နိုင်ငံ အသီးသီးမှ လူသားတိုင်း သစ်တောသစ်ပင်နှင့်ပန်းပင်မျိုးစုံကို ချစ်ခင်တတ်ကြသည်။ သစ်ပင်ပန်းမန်မျိုးစုံ၊ ပန်းအိုးမျိုးစုံကို အမျိုးသမီးအများစုကဝယ်ယူ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသည်။ နှင်းဆီပင်များမှာ တန်ဖိုးနည်းအပင်ဟု ခေါ်ဆိုနိုင်လောက်သည်အထိ ဈေးနှုန်းချိုသာလှသည်။ ယခုဝယ် ယခုစိုက်ကာ ပြုစုပေးရုံဖြင့် မကြာသောကာလတွင် ပန်းပွင့်ရောင်စုံကို မြင်တွေ့နိုင်သော အပင်ဖြစ်သည်။ အများစုသော နှင်းဆီပန်းပင်များတွင် နှင်းဆီဖူး၊ နှင်းဆီအပွင့်များပါနေသည့်အတွက် အမျိုးသမီးများ ပိုမိုနှစ်သက်ကြသည်။



လှပသော ပန်းပင်များနှင့်အတူ နေရာကျဉ်းကျဉ်းလေးဖြင့် စိတ်ကူးယဉ်ဆန်စွာ အနားယူနိုင်ရန် ဖန်တီးလာကြသည်။ ထိုသို့ဖန်တီးရာတွင် ပန်းပင်မျိုးစုံခြံရံကာ ကျောက်စားပွဲလေးများကို ထားရှိသည်။ ကျောက်စားပွဲပန်းပင်များအကြား တိရစ္ဆာန် အရုပ်ကလေးများကိုပင် ထားရှိကြသည်။ စားပွဲတစ်နေရာစာအနီးတွင် ပန်းပင်အရုပ်များဖြင့်မြင်ရပုံမှာ လှပလှသည်။ လက်ရှိကာလတွင် တန်ဖိုးနည်း ပန်းပင်လေးများနှင့်အတူ ကျောက်စားပွဲနှင့် အရုပ်များပါ ပူးတွဲဝယ်ယူလာကြသည်။ ကျောက်စားပွဲတစ်စုံလျှင် ငွေကျပ်နှစ်သိန်းငါးသောင်း၊ သိုးငယ်ရုပ် တစ်ရုပ်လျှင်ငွေကျပ် တစ်သိန်းငါးသောင်း ပေးရသည်။ အခြားပန်းပင်ကလေးများ၊ ကျောက်စားပွဲနှင့် သိုးငယ်ကလေးများ ထားရှိကာ အလှဆင်ပါက ငွေကျပ်ငါးသိန်းခန့် ကုန်ကြပြီး လှပသောနေရာထိုင်ခင်းကလေးများကို ဖန်တီးအလှဆင်လာမှုများပြားလာကြောင်း သိရသည်။ **(တိမ်တမန်)**

## ဘာသာရပ်ပေါင်းစုံအနုပညာဖျော်ဖြေပွဲ ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၃**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မြိတ်တက္ကသိုလ်စာပေနှင့် အနုပညာအသင်းကကြီးမှူးကျင်းပသော ၂၀၁၅-၂၀၁၆ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံအနုပညာဖျော်ဖြေပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းမှ ညနေပိုင်းထိ မြိတ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ယင်းသို့အနုပညာဖျော်ဖြေပွဲများ ကျင်းပပေးခြင်းဖြင့် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ ဖန်တီးမှုစွမ်းရည်များဖော်ထုတ်နိုင်ရန်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်တတ်မှုများ ရရှိလာစေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အနုပညာများကို ဂုဏ်ယူတန်ဖိုးထား လေးစားတတ်စေရန် စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်ကိုပိုမိုတောက်ပလာမည့် ကြယ်ပွင့်လေးများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အနုပညာဖျော်ဖြေတင်ဆက်ပွဲတွင် တေးသီချင်းများ၊ ပျူခေတ်တေးသရုပ်ဖော်အက၊ တိုင်းရင်းသားရိုးရာ အကများ၊ ဆီမီးခွက်အက၊ မိုးဇာပြောအက၊ တယောအဖွဲ့အတီး၊ ဦးရွှေရိုး ဒေါ်မိုး တေးသရုပ်ဖော်အက၊ အလှဆုံးဉယျာဉ်မှူး ပန်းပွင့်အက၊ ယပ်တောင်အက၊ ရှမ်းရိုးရာ၊ ကချင်ရိုးရာအကများ၊ ယောင်ပေစူးအက၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း တေးသရုပ်ဖော်အက တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲအခမ်းအနားသို့ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ဌေး၊ မြိတ်တက္ကသိုလ် စာပေနှင့် အနုပညာအသင်းဉက္ကဋ္ဌ မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်ဝင်း၊ ပါမောက္ခ/ဌာနမှူးများ၊ စီမံခန့်ခွဲရေး အရာရှိများ၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာ ဆရာများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## အချိန်အခါမဟုတ်မိုးကြောင့် မုံရွာမြို့နယ်ရှိ အမြိတ်ထောင်ကြက်သွန်အထွက်နှုန်းကျ

**မုံရွာ ဖေဖော်ဝါရီ ၃**

မုံရွာမြို့နယ် ကုန်းတွင်းပိုင်းဒေသများတွင် စိုက်ပျိုးသော ကြက်သွန်တောင်သူများ အထွက်နှုန်းကျသည်ထက် ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် မြေဩဇာဖြင့်စိုက်ပျိုးကြသော တောင်သူများအနေဖြင့် ပိုမိုအထွက်နှုန်းနည်းပြီး အရှုံးပေါ်ခဲ့ကြောင်း သိရသည်။

မိုးမကျမီစိုက်ပျိုးသော ကြက်သွန်နီ အမြိတ်ထောင်များ အထွက်နှုန်းပုံမှန်ရှိခဲ့သော်လည်း မိုးကျပြီးနောက် စိုက်ပျိုးကြသော ကြက်သွန်များသည် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်း ပုံမှန်မဟုတ်သည့် မိုးရွာသွန်းခဲ့ပြီးနောက် ကြက်သွန်ပင်များတွင် ကျရောက်သည့် ဒေါင်းမြီးကွက်နှင့်တောက်တဲ့မြီးစသည့် ရောဂါများဖြစ်ခဲ့ပြီး အထွက်နှုန်းထိခိုက်စေခဲ့ကြောင်းမုံရွာမြို့နယ်မှ ကြက်သွန်တောင်သူတစ်ဦးထံမှ သိရသည်။

မိုးရာသီစိုက် ကြက်သွန်များ အထွက်နှုန်းကျဆင်းမှုသည် ရာသီဉတုနှင့် အဓိကသက်ဆိုင်သည့်အပြင် ရောဂါပိုးကို ထိရောက်စွာ နှိမ်နင်းမှုနှင့်သွင်းအားစုများ ထည့်သွင်းမှု အနည်းအများသည်လည်း အထွက်နှုန်းကို သက်ရောက်မှုရှိစေကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဌာနတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

မိုးမကျမီ အစိုက်စောသည့် ကြက်သွန်များမှာ ပုံမှန်အထွက်နှုန်းအတိုင်း ပိဿာလေးထောင်ခန့်ထွက်ပြီး ပုံမှန်အချိန်စိုက်သည့် ကြက်သွန်များမှာ ပိဿာချိန် သုံးထောင်ခန့် ထွက်သည့်အတွက် ကုန်းတွင်းပိုင်းတွင် ၂၅ ရာခိုင်နှုန်းလောက် အထွက်လျော့ကျနေကြောင်း၊ ယခုအချိန်တွင် ကြက်သွန်နီအလုံးအလှဆုံးတစ်ပိဿာလျှင် ကျပ် ၄၀၀၊ အလယ်အလတ်တစ်ပိဿာ ၃၇၅ ကျပ်နှင့် အသေးတစ်ပိဿာကျပ် ၃၅၀ ဈေးသာရှိတော့သဖြင့် ယခုနှစ် မိုးစိုက်ကြက်သွန်သမားများ အထိနာမည် မျှော်မှန်းမိကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ခန့်မှန်းထားသည်။

မုံရွာမြို့နယ် တောင်ဘက်ခြမ်းဒေသများဖြစ်သော အောင်သာ၊ မြေနဲ၊ ပုရစ်ကုန်း၊ ကြာပိုင်၊ တောပု စသော မြစ်ရေဝင်ဒေသများတွင် မိုးကြက်သွန် ဧက ၅၀၀၀ ကျော်စိုက်ပျိုးခဲ့ပြီး အချိန်အခါမဟုတ် ရွာသွန်းခဲ့သောမိုးကြောင့် ရောဂါပိုးများကျရောက်ခဲ့ရာ အထွက်နှုန်းထိခိုက်ခဲ့ပြီး ကုန်းတွင်းပိုင်းစိုက်တောင်သူများထက် မြစ်ရေဝင်ကျေးရွာရှိ မြေများတွင် ဩဇာရမ်းစိုက်ပျိုးသည့် တောင်သူများအထွက်ပိုမိုနည်းခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## မော်လမြိုင်ကမ်းနားသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့၏ သံလွင်မြစ်ကမ်းနားလမ်းကို လှပအောင် အဆင့်မြှင့်တင်ကာ တိုးချဲ့ဖောက်လုပ်ပြီး သံလွင်မြစ်၏ အလှအပများကို ကြည့်ရှုခံစားရင်း အများပြည်သူများ အပန်းဖြေအနားယူပျော်ရွှင်စေရန်နှင့် စားသောက်နိုင်ရန်အတွက် ရေပေါ်ဈေး(ညဈေး)ကို မွန်းလွဲ ၂ နာရီမှ ညသန်းခေါင်အချိန်အထိ မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုဖွင့်လှစ်ပေးခဲ့သည်။

နံနက်ပိုင်းကမ်းနားလမ်းတွင် လေကောင်းလေသန့်ရှူရှိုက်ရင်း ကျန်းမာရေးလိုက်စားလေ့ကျင့်သူများ အနှောင့်အယှက်မဖြစ်စေရေးနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးအတွက် မော်လမြိုင်ကမ်းနား ရေပေါ်ဈေးအနေဖြင့် ညပိုင်းဆိုင်သိမ်းလျှင် အပြောင်ရှင်းစနစ်ဖြင့်ရှင်းလင်းသွားရန် စည်းကမ်းသတ်မှတ်ထားကြောင်းလည်း မော်လမြိုင်မြို့စည်ပင်သာယာရေးဝန်ထမ်းတစ်ဦးက ပြောပြသည်။

သို့ရာတွင် စားသောက်ဆိုင်ပိုင်ရှင်များသည် စားပွဲ၊ ကုလားထိုင်နှင့် ဆိုင်အသုံးအဆောင်မီးဖိုများကို အပြောင်ရှင်းသယ်ယူသွားကြသော်လည်း ဆိုင်၏ဘေးထွက်အမှိုက်သရိုက်များကို ညသန်းခေါင်အချိန်တွင် အမှောင်ကိုအကာအကွယ်ယူကာ ကမ်းနားဝရန်တာလက်တန်းများကိုကျော်လွှန်၍ သံလွင်မြစ်အတွင်းသို့ စွန့်ပစ်ကြသည်။

ထို့အပြင် ရေဆိုးများကိုလည်း မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ကြသဖြင့် သံလွင်မြစ်၏ ဂေဟာစနစ်ကိုပျက်ယွင်းစေပြီး စွန့်ပစ်ကြွပ်ကြွပ်အိတ်များကြောင့် မြစ်အတွင်းရှိ ရေသတ္တဝါလေးများ၏ အသက်ဇီဝိန်ဖဲ့ခြွေစေပြီး မြစ်အတွင်းသွားစက်တပ်ရေယာဉ်များ၏ ပန်ကာကိုညှိတွယ် အနှောင့်အယှက်ဖြစ်ရကြောင်း ရတနာတိုးစက်လှေပဲ့နင်းကြီးဖြစ်သူ ဦးနိုင်က ပြောသည်။

ထို့ပြင် ရေပေါ်ဈေးရှေ့ရှိ မွန်ပြည်နယ် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မမိုးဝသန်က မွန်းလွဲ ၂ နာရီမှ ညသန်းခေါင်ကျော်အထိ အသားကင်အနံ့ဆိုးများ၊ အညှော်များကို မိမိတို့ရုံးသာမက ကပ်လျက်နေအိမ်အဆောက်အအုံအားလုံး နေ့စဉ်ခံစားနေရကြောင်း ပြောသည်။

လွန်းပန်းအိမ် စားသောက်ဆိုင်ပိုင်ရှင် မိသန်းအေးကမူသက်ဆိုင်ရာမှ အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ပြီး အရေးယူမှုများရှိလျှင် အမှိုက်ကိစ္စ ပြေလည်သွားနိုင်ကြောင်း ပြန်လည်ရှင်းပြခဲ့သည်။

မြို့ကျက်သရေဆောင် ကမ်းနားလမ်းမကြီး သန့်ရှင်းသာယာလှပရေး အတွက် သက်ဆိုင်သူအားလုံးက အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးအတွက် ပညာပေးရေးဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

**သင့်ပတ်ဝန်းကျင် သာယာဖို့**
**အားလုံးပူးပေါင်း လုပ်ဆောင်စို့**

# စိတ်တို့လန်းဆန်း ရေပြာစမ်း အတူတူသာလျှောက်လို့လှမ်း



**မန္တလေး ဖေဖော်ဝါရီ ၃**

စိတ်ရွှင်ပျမှုမရှိဘဲ အလုပ်တို့ပိနေသမျှ လွတ်လပ်စွာခရီးထွက်ခြင်းက အကောင်းဆုံးဟု ဆိုထားသည်။ မန္တလေးအနီးတစ်ဝိုက်တွင် စိတ်ရွှင်ပျလန်းဆန်းစေသည့် နေရာတစ်ခုကိုညွှန်ပြပါဆိုလျှင် ဒုတိယပြင်ဦးလွင်၊ ဒုတိယပိတ်ချင်းမြောင်ဟု တင်စားထားသည့် ဒီးဒုတ်ရေပြာစမ်းကို ညွှန်ပြရမည်ဖြစ်သည်။ ကောင်းမွန်သောလမ်းမှ ဆိုင်ကယ်၊ ကားတို့ဖြင့် အလွယ်တကူ သွားနိုင်သောနေရာဖြစ်ပြီး ပတ်ဝန်းကျင်ရှုခင်းအလှကို အားရစွာကြည့်ခွင့်ရနိုင်သည့်နေရာပင်ဖြစ်သည်။

တောင်တန်းပြာပြာများ ခြံရံထားပြီး လေကောင်းလေသန့်ရရှိစေသည်။ ဖြောင့်ဖြူးသော ကားလမ်းမဘေး တောင်တန်းပြာများအကြား ဒုဌဝတီမြစ်၏အလှကို မြင်တွေ့နိုင်ပေသည်။ မြူခိုးသမ်းနေသော တောင်တန်းပြာပြာကြီးများမှာ စိတ်ကို လန်းဆန်းသွားပေသည်။ ဒီးဒုတ်ရေပြာစမ်းသို့ ရောက်သည်နှင့် ဆိုင်ကယ်အပ်ခမပေးရပါဟူသော ထူးခြားသော ဆိုင်းဘုတ်တို့က စီးကြိုနေတတ်ပေသည်။ ဆိုင်တိုင်းတွင် ဆိုင်ကယ်အပ်ထားလို့ရရှိခြင်းမှာ ထူးဆန်းနေပေသည်။

တောင်တက်လမ်းအတိုင်း တက်ရင်း တောင်တက်ခြင်းရသကို ခံစားကြရပေသည်။ တောင်တက်ရန်အတွက် ဝါးတောင်ဝှေးလေးများကိုလည်း ဈေးနှုန်းအနည်းငယ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ စတင်တက်သည့်နေရာတွင် ပထမထပ်ဟုခေါ်ဝေါ်ပြီး တောင်တက်လမ်းအတိုင်းတက်သွားသမျှ လမ်းညွှန်ဆိုင်းဘုတ်များမှာ ဒွိဟဖြစ်စေသည်။

ပထမတွေ့ရသည်မှာ ပထမထပ်၊ ဒုတိယတွေ့ရသည်မှာ သုံးထပ်၊ တတိယတွေ့ရသည်မှာ ရှစ်ထပ်မှအစ ၁၁ ထပ်ရောက်သည်အထိ တစ်ထပ်စီကို လမ်းညွှန်ထားသည်။

တောင်ကျရေတံခွန်အတိုင်းလိုက်ကာ သတ်မှတ်သမျှ တစ်ထပ်မှစကာ ၁၁ ထပ်အထိ အစဉ်အတိုင်းရှိပြီး တောင်ပေါ်မှ လမ်းထွင်ထားမှုတွင် သင့်တော်သလို လမ်းထွင်ပြီး ဆင်းသွားရခြင်းကြောင့် လမ်းညွှန် အစဉ်လိုက် မရှိခြင်းပင်ဖြစ်သည်။ အချို့အထပ်များတွင် လမ်းရှင်းထားခြင်းမရှိသည်များကို တွေ့နိုင်သည်။

ဒီးဒုတ်ရေပြာစမ်းတွင် လိုဏ်ဂူရှိပြီး လိုဏ်ဂူမှာ အပူ၊ အအေးနေရာနှစ်ခု ကွဲပြားနေတတ်သည်။ အပူနယ်၊ အအေးနယ်ရပ်နေသမျှ တစ်ခြမ်းအေး၊ တစ်ခြမ်းနွေးသည်အထိ ထူးခြားလှသည်။ ဒီးဒုတ်ရေပြာစမ်းတွင် အများစုသွားလာသောနေရာမှာ ၁၀ ထပ်နေရာပင်ဖြစ်သည်။ တောင်ကျရေတံခွန်များက လှသလို ရေပြာအိုင်မှာ ကျယ်ပြန့်လှပပြီး ရေကစား၍ကောင်းသော နေရာပင်ဖြစ်သည်။

အများစုမှာ ၁၀ ထပ်ရှိ ရေပြာအိုင်တွင် ရေချိုးကာ အနားယူအပန်းဖြေကြသည်။ ကျောက်တုံးများပေါ်တွင် စားဖွယ်များတင်ကာ စားလေ့ရှိသည်။ အဝတ်လဲခန်းများ၊ စားသောက်ဆိုင်များရှိပြီး စည်ကားလှသည်။ ရေကစားရာတွင် အန္တရာယ်ကင်းစေရန် ဘောကွင်းများလည်း ငှားပေးလေ့ရှိသည်။ ဒီးဒုတ်ရေပြာစမ်းမှ တောင်ကျရေများကို မျက်နှာသစ်ခြင်း၊ ရေချိုးခြင်းပြုပြီးသည်နှင့် တောင်တက်လာ၍ မောခဲ့သမျှ အမောပြေသွားလေ့ရှိသည်။

လက်ရှိကာလတွင် ဒီးဒုတ်ရေပြာစမ်းမှာ "စိတ်တို့လန်းဆန်း ရေပြာစမ်း အတူတူသာလျှောက်လို့လှမ်း"ဟု ညွှန်းဆိုထားသည့်နေရာဖြစ်ပြီး သုံးရာသီ လာရောက်သူများဖြင့် စည်ကားလျက်ရှိပေသည်။ ။

**(တိမ်တမန်)**

# ရေသန့်လုပ်ငန်းများအား FDA ထောက်ခံချက်ရရှိမှသာ လုပ်ငန်းလိုင်စင်ချထားပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေသန့်လုပ်ငန်းလုပ်ကိုင်နေသူများကို FDA မှ စစ်ဆေးအတည်ပြုထားသော ထောက်ခံချက်ရရှိမှသာ လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို ချထားပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မန္တလေးမြို့တော်အတွင်း ရေသန့်လုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းများအနက် လုပ်ငန်း ၁၀ ခုအား ယာယီပိတ်သိမ်းထားပြီး FDA ၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း ထောက်ခံချက်ရရှိမှသာ ပြန်လည် လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာသွင်ကျော်ကျော်က ပြောသည်။

"အရင်က လုပ်ငန်းလိုင်စင်လျှောက်ထားတဲ့အခါမှာ FDAရဲ့ ခွင့်ပြုချက်ရဖို့ကြန့်ကြာနေတဲ့အတွက် လုပ်ငန်းရှင်ရဲ့ ရင်းနှီးမြှုပ်နှံထားမှုကို ငဲ့ကွက်ပြီး လုပ်ငန်းလိုင်စင်ကို အရင်ဆုံးချထားပေးခဲ့တယ်။ အခုတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကိုရှေးရှုပြီး FDA ထောက်ခံချက်ပါမှသာ လုပ်ငန်းလိုင်စင်ကို ချထားပေးတော့မှာပါ"ဟု ၎င်းက ပြောသည်။

ယခုအချိန်တွင် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် FDA နှင့် မန်းစည်ပင်တို့ပူးပေါင်း၍ လုပ်ငန်းရှင်များနစ်နာမှုမရှိအောင် FDAမှ အမြန်ဆုံးစစ်ဆေးမှုများ ဆောင်ရွက်သွားရန် စီစဉ်ထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေသန့်များ၏ စံချိန်စံညွှန်းကို စစ်ဆေးနေရသည့်အတွက် ကြန့်ကြာမှုများရှိသော်လည်း ယခုချမှတ်လိုက်သော သတ်မှတ်ချက်များအရ အမြန်ဆုံး စစ်ဆေးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်ပင်နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်လိုသူများအား သတ်မှတ်စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးနေပြီး တစ်စုံတစ်ခုကြောင့် ဖြစ်ပေါ်လာသောကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများ၏ စစ်ဆေးချက်များကို စောင့်ဆိုင်းသည့်အနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ယာယီပိတ်သိမ်းကာ FDA ၏စစ်ဆေးချက်အဖြေရရှိမှုအပေါ်မူတည်၍ ပြန်လည်ခွင့်ပြုခြင်းနှင့် ပိတ်သိမ်းခြင်းများကို ဆောင်ရွက်နေပြီး ယာယီပိတ်သိမ်းချိန်နှင့် လုပ်ငန်းရပ်ဆိုင်းရန်သတ်မှတ်ပြီးချိန်များတွင် လုပ်ငန်းများဆက်လက်ဆောင်ရွက်နေပါက စည်ပင်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မင်းထက်အောင်)**

# နည်းပညာမြင့်မားသည့်ထုတ်ကုန်များ မြန်မာနိုင်ငံတွင် အချိန်နှင့်တစ်ပြေးညီရောင်းချရန် ကြိုးပမ်းလာ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ကမ္ဘာ့ထိပ်တန်းနည်းပညာလုပ်ငန်းစု ကိုရီးယားအခြေစိုက် ဆမ်ဆောင်းအီလက်ထရွန်နစ်၏ မိုဘိုင်းဖုန်းထုတ်ကုန်များသာမက အိမ်သုံးအီလက်ထရွန်နစ်နှင့် လုပ်ငန်းသုံးအီလက်ထရွန်နစ်များကို အရှေ့တောင်အာရှနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း တစ်ပြိုင်နက်တည်း ရောင်းချပေးနိုင်ရန် ကြိုးပမ်းလျက်ရှိရာ ယခု ၂၀၁၆ ခုနှစ်အတွက် နည်းပညာသစ်များကို သုံးစွဲခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အသစ်ထွက်ရှိလာမည့် ဆမ်ဆောင်းကုန်စည်များကို မိတ်ဆက်ခြင်းနှင့် အရှေ့တောင်အာရှစီးပွားရေးနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် Southeast Asia and Oceania Forum ကို ဆမ်ဆောင်းမှ ကြီးမှူးကာ မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပလျက်ရှိပြီး အဆိုပါဖိုရမ်တွင် ယခုနှစ်တွင်း ထွက်ရှိလာမည့် ကုန်စည်သစ်များမိတ်ဆက်ရာ ပစ္စည်းအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ခန့် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်သည်။

လူမှုဘဝများ၏ နေ့စဉ်ဖြတ်သန်းနေရသည့် အနေအထားများတွင် အသုံးတည့်မည့်နည်းပညာများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အသိပညာဖြန့်ဝေခြင်းများကို ပိုမိုလုပ်ဆောင်ရန်အတွက် အရှေ့တောင်အာရှနိုင်ငံများတွင် အလှည့်ကျဖိုရမ်များကျင်းပခြင်းဖြစ်ပြီး ယခုနှစ်အတွက် ထုတ်ကုန်သစ်များကြောင့် နည်းပညာကဏ္ဍ ပိုမိုအဆင့်တက်လှမ်းနိုင်မည်ဟုယုံကြည်ကြောင်း ဆမ်ဆောင်း၏ အရှေ့တောင်အာရှဆိုင်ရာ အမှုဆောင်အရာရှိချုပ်မစ္စတာ Yong Sung Jeon က ပြောကြားသည်။

အဆိုပါဖိုရမ်တွင် ၂၀၁၆ ခုနှစ်အတွက် ထုတ်ကုန်အသစ်များဖြစ်သည့် SUHD နည်းပညာဖြင့် ထုတ်လုပ်ထားပြီး ၃၆၀ ဒီဂရီ ဒီဇိုင်း Dot Display KS 9000 မော်ဒယ်ပါးလွှာသည့် အခုံးသဏ္ဍာန်တီဗွီ၊ မိသားစုတိုင်းအတွက် အသုံးတည့်စေမည့် ဆက်သွယ်ရေးနည်းပညာပေါင်းစပ်ထားသော Family Hub ရေခဲသေတ္တာ၊ လျှော်နေစဉ်အတွင်း လက်ကျန်အဝတ်အထည်များကို ထပ်မံပေါင်းထည့်နိုင်သည့် နည်းပညာမြင့် အဝတ်လျှော်စက်၊ မူလနည်းပညာကို အဆင့်မြင့်ပေါင်းစပ်ကာ သုံးစွဲသူများအတွက် နေ့စဉ်အသုံးဝင်စေမည့် Gear S2 Classic Smart နာရီ၊ ကွန်ပျူတာတစ်လုံးသဖွယ်၊ Note Book သဖွယ်အသုံးပြုနိုင်မည့် Galaxy Tab pro တို့ကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မလေးရှားနိုင်ငံမှာကျင်းပတဲ့ SEA ဖိုရမ်မှာ ၂၀၁၆ မှာ ထွက်လာမယ့် နည်းပညာသစ်တွေ မိတ်ဆက်ခဲ့ပါတယ်။ အလွန်ဈေးများပြီး ပြည်တွင်းဈေးကွက်နဲ့ မကိုက်ညီတဲ့ ပစ္စည်းအနည်းငယ်ကလွဲလို့ ကျန်တဲ့ပစ္စည်းသစ်တွေအားလုံး ပြည်တွင်းဈေးကွက်မှာ နိုင်ငံတကာနည်းတူ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်"ဟု ဆမ်ဆောင်းအီလက်ထရွန်နစ် မြန်မာ၏ အရောင်းမန်နေဂျာ ကိုကျော်စွာလင်းက ပြောကြားသည်။

ဆမ်ဆောင်းထုတ်ကုန်များသည် မြန်မာ့အီလက်ထရွန်နစ်ဈေးကွက်အတွင်း ရောင်းအားများပြားကာ သုံးစွဲသူများကလည်း နည်းပညာသစ်များကို စိတ်ဝင်စားလာခြင်းကြောင့် အခြားနိုင်ငံများနည်းတူ တစ်ပြိုင်နက်တည်း ရောင်းချရန် ကြိုးပမ်းခြင်းဖြစ်ပြီး Galaxy Note 5 ရောင်းချစဉ်ကလည်း တန်းစီစောင့်ဆိုင်းဝယ်ယူခဲ့သည်အထိ အောင်မြင်ခဲ့သေးသည်။

**(ကြေးမုံ)**







ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၅ ခုနှစ် မြန်မာစာရင်းအင်းစာစောင် (Myanmar Statistical Yearbook 2015) ကို နိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့် စာရင်းအင်းစာစောင်များနည်းတူ အခန်းပေါင်း ၁၇ ခန်း၊ ဇယားပေါင်း ၂၇၅ ခုဖြင့် စာရင်းအင်းစာစောင်ပုံစံသစ်ကို ၂၀၁၅ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေရောင်းချမည်ဖြစ်ပါကြောင်းနှင့် စာအုပ်နှင့် CD နှစ်မျိုးတွဲလျက် ဈေးနှုန်းမှာ ကျပ် ၁၅၀၀၀၊ CD တစ်မျိုးတည်းဝယ်ယူပါက ကျပ် ၁၀၀၀၀ နှုန်းစီဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ ဝယ်ယူရရှိနိုင်သော နေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့(ရန်ကုန်ရုံးခွဲ)နှင့် စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်၊ ရန်ကုန်မြို့)တို့တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆက်သွယ်ရန်ဖုန်း- ၀၆၇-၄၀၆၃၂၅၊ ၀၆၇-၄၀၆၃၂၉၊ ၀၆၇-၄၀၆၃၃၆၊ ၀၁-၆၅၇၃၀၇

## ရုပ်မြင်သံကြားအစီအစဉ်များ
[၄ - ၂ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ကြေးမုံရိပ်သွင်တေးနှုယည်
၆း၂၀ ပြည်သူ့နီတိ "အိမ်နီးချင်း"
၆း၃၅ "နေမဝင်အလှများ"
(မောင်ယဉ်ထွေးနှင့် တွေ့ဆုံခြင်း)
(အပိုင်း-၁)
၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၅)
၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၁)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၀ ပြည်သူ့နီတိ "ကိုဘဦးကပထမ"
၉း၀၅ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း
(ပထမခေတ်) မင်းသမီး-ချောစုမျိုး
၉း၄၅ ASEAN Cutural Fair-2014
၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း
["မောင့်ရွှေနဖာစူး မေ့ရွှေနဖူးစာ"
(ခန့်စည်သူ၊ ရွှေမှုံရတီ)
(ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "Emotion Management & Mindful Compassion တရားပွဲသင်တန်း"
(အပိုင်း-၂) တရားတော်[ပါမောက္ခ ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ
(အောက်စဖို့ဒ် ဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၉၂)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၁၁)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ Food & D'ecor
၁၁း၄၅ MRTV-4 Stage
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂုဏ္ဌဝင်ကုန်သည်" (အပိုင်း-၅)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ" (အပိုင်း-၁၂)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၉၂)
၄း၀၀ Cartoon Series (English Playground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၉၃)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွှာ"
(အပိုင်း-၁၃)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၁၂)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂုဏ္ဌဝင်ကုန်သည်" (အပိုင်း-၆)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၀း၃၅ World of Knowledge (Inside Nature Giants : Great White Sharks)
၀၀း၅၀ တန်ခိုးကြီးမား
ဘုရားစေတီပုထိုးများ
(မော်လမြိုင်မြို့မှ ဘုရားစေတီပုထိုးများ)

### News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ အနုပညာသတင်းအစီအစဉ်
၈း၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေးအစီအစဉ်
၉း၃၅ လှုပစုံလင်အာဆီယံတစ်ခွင်
၉း၄၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅ အလုပ်အကိုင်အခွင့်အလမ်း
အစီအစဉ်
၁၁း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"
(အပိုင်း-၈၂)
၁း၁၀ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း
"မိုးနတ်သူဇာအငြိမ့်"
၂း၃၅ ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲက ဘ၀
"တွယ်ငြိတတ်သည်"
၃း၃၅ "တရုတ်-မြန်မာချစ်ကြည်ရေး
ရင်းနှီးမှုအခွန့်ရှည်ကြာစေမည့်
ခရီးစဉ်တစ်ခု"
၄း၃၅ Football မဂ္ဂဇင်း
၅း၁၅ Weekly Sports Info
၅း၃၅ "တောင်ပိုင်းပိုးလမ်းမကြီးစတင်ရာ
BAOSHAN Tenschoy ဆီသို့"
(အပိုင်း-၄)
၅း၅၀ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၇း၁၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း
"တစ်ခိုင်လုံးရွှေအငြိမ့်"(အပိုင်း-၁)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
- နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ ဆု"
(အပိုင်း-၈၃)
-ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
-မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်
(အပိုင်း-၄)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### mitv

07:26 Myanmar Social & Charitable Association (Ep-1) Mingalar Byuha
07:51 Gardener: Rose Plantation
08:26 Discovering Tribes "Bwe"
08:52 Wet Markets of Yangon: Thirimingalar Market
09:26 Marketable Goods (Straw painting)
09:44 Ywar Thit's Monhinkhar
10:26 Myanmar HR Conference (2015) (Part- IV)
10:49 MURAL PAINTING BAGAN
07:26 A Journey To Southern Shan State (Ep-1)
07:47 Maha Myatmuni Buddha Image In Rakhine
08:26 Myanmar Delicate Artistic Handy Creations- Lacquareware Making
08:51 Crocodile Keeper

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်

# သည်းထိတ်ရင်ဖိုအက်ရှင်ဇာတ်ကားသစ် The Finest Hours




ယခုတစ်ပတ် ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှာ သည်းထိတ်ရင်ဖိုဇာတ်ကားတွေကိုမှ ကြိုက်နှစ်သက်တဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာ The Finest Hours (3D) ဇာတ်ကားကို မိတ်ဆက်တင်ပြပေးလိုပါတယ်။ ဒီဇာတ်ကားကို မင်္ဂလာ(၂)နဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ လာမယ့် ဖေဖော်ဝါရီ ၅ ရက်နေ့မှာ စတင်ရုံတင်ပြသပေးသွားမှာ ဖြစ်ပါတယ်။

The Finest Hours (3D)ဇာတ်ကားဟာ သည်းထိတ်ရင်ဖိုအက်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီးတော့ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလမှာ အမေရိကန်နိုင်ငံရဲ့ အရှေ့ဘက်ကမ်းခြေ နယူးအင်္ဂလန်ပြည်နယ်မှာရှိတဲ့ Cape cod ကမ်းခြေကို အင်အားပြင်းထန်တဲ့မုန်တိုင်းက ဦးတည်တိုက်ခတ်ခဲ့ပြီး ရေနံတင်သင်္ဘောတစ်စီးဟာ ပြင်းထန်တဲ့ဆောင်းရာသီအအေးဒဏ်ကြောင့် ရေခဲမတတ်အေးနေတဲ့ရေနဲ့ ပေ ၇၀ အထိ မြင့်မားတဲ့ လှိုင်းလုံးကြီးများကြောင့် သင်္ဘောကိုယ်ထည်တစ်ခြမ်းပေါက်ပြဲပြီး သင်္ဘောသားအယောက် ၃၀ ကျော်နဲ့အတူ နစ်မြုပ်လုဆဲဆဲဖြစ်နေပါတော့တယ်။

ဒီအခြေအနေမှာ သင်္ဘောအင်ဂျင်နီယာက သင်္ဘောသားများကို စုစည်းပြီး သဘာဝဘေးအန္တရာယ်ကို စုစည်းရင်ဆိုင်ရင်း Coast Guard ကမ်းခြေစောင့်တပ်ကို အကူအညီလှမ်းတောင်းပါတယ်။

ကမ်းခြေစောင့်တပ်မှ တာဝန်ခံအရာရှိ ဦးဆောင်တဲ့တပ်ဖွဲ့က အလျင်အမြန်နစ်မြုပ်နေတဲ့ ရေနံတင်သင်္ဘောဆီသို့ ကယ်ဆယ်ရေးတပ်ဖွဲ့ကိုစေလွှတ်ကာ သင်္ဘောသားများကို ပြင်းထန်တဲ့မုန်တိုင်းဒဏ်ကို အံတုရင်ဆိုင်ရင်း ခက်ခက်ခဲခဲအောင်အောင်မြင်မြင် သမိုင်းဝင်ကယ်တင်နိုင်ခဲ့ပုံကို သည်းထိတ်ရင်ဖို ရိုက်ကူးတင်ဆက်ထားတဲ့ အက်ရှင်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

## "Super Bowl 50" မှာ နိုင်ငံတော်သီချင်းကို သီဆိုပေးမယ့် လေဒီဂါဂါ



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာကလာရာရှိ လဗိုက်စ်ဘောလုံးကွင်းမှာ ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပသွားမည့် အမျိုးသားဘောလုံးအသင်းတွေအတွက် ချန်ပီယံရွေးချယ်ပွဲ (အမျိုးသားဘောလုံးလိဂ်ရဲ့ နောက်ဆုံးပွဲစဉ်)မှာ ပေါ့ပ်အဆိုတော်လေဒီဂါဂါက ယင်းပြိုင်ပွဲအတွက် နိုင်ငံတော်သီချင်းကို သီဆိုပေးသွားမည်ဖြစ်ကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းတွင် ရေးသားဖော်ပြခဲ့သည်။

ယင်းဘောလုံးပွဲတွင် လေဒီဂါဂါနှင့်အတူ အကယ်ဒမီဆုရှင်သရုပ်ဆောင်မင်းသမီး မာလီးမက်ထ်လင်းက နားမကြားသူများအတွက် လက်ဟန်ပြဘာသာစကားဖြင့် နိုင်ငံတော်သီချင်းကို ပါဝင်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လေဒီဂါဂါသည် လာမည့်ဖေဖော်ဝါရီ ၁၅ရက်တွင် ကျင်းပမည့် တေးဂီတနှင့်ပတ်သက်သည့် အထင်ကရ ဆုပေးပွဲတစ်ခုဖြစ်သော ဂရမ်မီဆုပေးပွဲကြီးတွင်လည်း မကြာသေးမီက ကွယ်လွန်သွားခဲ့သည့် အဆိုတော် ဒေးဗစ်ဘောဝီ၏ တေးသီချင်းဖြင့် ပြန်လည်ဂုဏ်ပြုသီဆိုသွားရန် စီစဉ်ထားပြီးဖြစ်သည်။ ဂါဂါသည် သူ၏ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့သောရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "American Horror Story: Hotel"ဖြင့် ပြီးခဲ့သည့် ရွှေကမ္ဘာလုံးဆုပေးပွဲကြီးတွင် အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲသရုပ်ဆောင်(အမျိုးသမီး)ဆုရရှိခဲ့ပြီး သရုပ်ဆောင်တစ်ဦးအဖြစ် ပထမဦးဆုံးသောထူးချွန်ဆုကို ရယူနိုင်ခဲ့သည်။ ထို့ပြင် ယခုလအတွင်း ကျင်းပသွားမည့် အော်စကာဆုပေးပွဲကြီးတွင်လည်း သူ၏တေးသီချင်း "Til It Happens to You" ဖြင့် အော်စကာဆုအတွက် လျာထားခြင်းခံထားရသည်။

အဆိုပါချန်ပီယံလုပွဲတွင် အခြားသော နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ကူးလ်ပလေး၊ ဘီယွန်းစေးနှင့် ဘရူနိုမားစ်တို့လည်း ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

## ဘွဲ့ရတစ်ဦးဖြစ်လာတဲ့ ပါ့ခ်ရှင်ဟေး



တောင်ကိုရီးယားရဲ့ နာမည်ကျော်ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ပါ့ခ်ရှင်ဟေးဟာ အနုပညာလုပ်ငန်းတွေကို လုပ်ဆောင်နေရင်း တစ်ဖက်ကလည်း သူ့ရဲ့ပညာရေးခရီးကို ဆက်ခဲ့ပါတယ်။ မအားလပ်တဲ့ အနုပညာလုပ်ငန်းတွေကြားက ရတဲ့အချိန်ကိုပေးပြီး ကျောင်းတက်ခဲ့ရတဲ့ မင်းသမီးဟာ တက္ကသိုလ်ရဲ့ ပညာသင်နှစ် ရှစ်နှစ်အကြာမှာတော့ သူ့အတွက် ဘွဲ့တစ်ခုကို ရယူနိုင်ခဲ့ကာ ယခုအချိန်မှာတော့ ဘွဲ့ရတစ်ဦးဖြစ်လာခဲ့ပြီဖြစ်ကြောင်း ဟန်စင်းနီမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူဟာ တောင်ကိုရီးယားရှိ ချောင်အန်းတက္ကသိုလ်မှ ရုပ်ရှင်နဲ့ပြဇာတ်ဘာသာရပ်ဖြင့် ရိုးရိုးဘွဲ့ကိုရရှိခဲ့ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပပေးသွားမည်ဖြစ်သော်လည်း ပါ့ခ်ရှင်ဟေးကိုယ်တိုင် တက်ရောက်ခြင်းရှိ မရှိကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။

ပါ့ခ်ရှင်ဟေး၏ အေဂျင်စီဖြစ်သော ဆော့ထ်အန်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက "ပါ့ခ်ရှင်ဟေးဟာ ဘွဲ့ရခဲ့ပြီဖြစ်ပါတယ်။ ဘွဲ့နှင်းသဘင်အခမ်းအနားကိုတော့ သူကိုယ်တိုင်တက်ရောက်မှာလားဆိုတာတော့ သေချာမပြောနိုင်ပါဘူး။ အဲဒီနေ့မှာ သူ့ရဲ့ ပြည်ပခရီးစဉ်လည်း ရှိနေပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ပါ့ခ်ရှင်ဟေးဟာ လတ်တလောမှာ "Doctors"လို့အမည်ရတဲ့ ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်သွားဖို့ လက်ခံစဉ်းစားနေကြောင်းလည်း သိရပါတယ်။

အေးပြည့်
စုစည်းသည်

# မန်ယူ၊ မန်စီးတီး၊ လက်စတာ၊ စပါးတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး

## သရေရလဒ်သာရရှိခဲ့တဲ့ အာဆင်နယ်အမှတ်ပေးဇယားအဆင့်(၄)နေရာသို့ ရောက်ရှိသွား

ဖေဖော်ဝါရီ ၃ ရက် နံနက် အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ မန်ချက်စတာအခြေစိုက် ကလပ်နှစ်သင်းဖြစ်တဲ့ မန်ယူ၊ မန်စီးတီးအသင်းတို့ နိုင်ပွဲရရှိခဲ့သလို ပုံစံကောင်းတစ်ရပ်ကို အခုထိ ထိန်းထားနိုင်ဆဲ လက်စတာအသင်းကလည်း လီဗာပူးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဆက်လက်ထိန်းထားနိုင်ဆဲပဲ ဖြစ်ပါတယ်။ အာဆင်နယ်ကတော့ ဆောက်သမ်တန်ကို အိမ်ကွင်းမှာ ဂိုးမရှိသရေရလဒ်သာ ရရှိခဲ့တာကြောင့် နော့ချ်ဝှစ်ကို အဝေးကွင်းမှာ သုံးဂိုးပြတ်အနိုင်ကစားနိုင်ခဲ့တဲ့ စပါးအသင်းကို အမှတ်ပေးဇယား တတိယနေရာကို လွှဲပြောင်းပေးခဲ့ရပြီဖြစ်ပါတယ်။

**ရွှန်းနီ ပုံစံကောင်းတစ်ရပ် ဆက်ထိန်းနိုင်မယ်လို့ ဗန်ဟားလ်မျှော်လင့်**

ဖိအားများနေတဲ့ နည်းပြဗန်ဟားလ်က အခုပွဲမှာ တိုက်စစ်ကို အသေအချာ ပြင်ဆင်လာခဲ့တာကြောင့် ကြည့်ကောင်းတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲအစ ၁၄ မိနစ်မှာပဲ လင်းဂတ်က မန်ယူအတွက် အဖွင့်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ၂၃ မိနစ်မှာ မာရှယ်လ်က ဒုတိယဂိုး၊ ရွှန်းနီက ၅၃ မိနစ်မှာ မန်ယူအတွက် ပွဲသိမ်းဂိုးကို သွင်းယူနိုင်ခဲ့ပြီး မန်ယူအသင်းက ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာကို ဆက်လက်ထိန်းထားနိုင်ဆဲပဲ ဖြစ်ပါတယ်။ ဗန်ဟားလ်ကတော့ ရွှန်းနီအနေနဲ့ အခုလို ပွဲဆက်ဂိုးသွင်းနိုင်တဲ့ အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းထားနိုင်မယ်လို့ မျှော်လင့်ကြောင်းနဲ့ ဒီနှစ်နွေမှာ မန်စီးတီး နည်းပြသစ်ဖြစ်လာမယ့် ဂွါဒီယိုလာကိုလည်း ပရီမီယာလိဂ်က ကြိုဆိုကြောင်း ပွဲအပြီးမှာ ပြောခဲ့ပါတယ်။ ရွှန်းနီက အခုဆို မန်ယူအတွက် စုစုပေါင်း သွင်းဂိုး ၂၄၉ ဂိုးရှိခဲ့ပြီဖြစ်ကာ ဆာဘော်ဘီချာလ်တန်ရဲ့ အိုးထရက်ဖို့ဒ် သွင်းဂိုးအရေအတွက်ကိုမီဖို့ ငါးဂိုးသာ လိုပါတော့တယ်။



**မာရှယ်လ်ရဲ့ ထက်မြက်တဲ့ခြေစွမ်း**

မာရှယ်လ်က မန်ယူကို ရောက်ရှိလာတဲ့ရာသီအစမှာ ခြေစွမ်းကောင်းပြသနိုင်ခဲ့ပေမယ့် ကြားကာလတွေမှာ ခြေစွမ်းပိုင်း ရုန်းကန်ခဲ့ရပါတယ်။ ဒါပေမယ့် မာရှယ်လ်ဟာ ပြီးခဲ့တဲ့ အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာလည်း အကောင်းဆုံးပုံစံတစ်ရပ်ကို ပြသနိုင်ခဲ့သလို သူ့ရဲ့ယခုပွဲခြေစွမ်းက ဗန်ဟားလ်ဟာ အသက်(၂၀)တောင် မပြည့်သေးတဲ့ သူ့ကို မိုနာကိုကနေ ပြောင်းရွှေ့ကြေးပေါင် ၃၆ ဒသမ ၅ သန်းနဲ့ ဘာကြောင့်ဝယ်ယူခဲ့သလဲဆိုတာ အခုပွဲမှာ ထပ်မံသက်သေပြသနိုင်ခဲ့ပါတယ်။ မာရှယ်လ်က ဗဟိုတိုက်စစ်နေရာထက် အခုနောက်ပိုင်း ဗန်ဟားလ်ချပေးတဲ့ ဘယ်ဘက်ခြမ်းနေရာမှာ ထွက်ကစားတာက ပိုပြီးအံဝင်ခဲ့ကာ သူ့ကြောင့် နေရာလွတ်တွေ ပိုမိုရရှိလာတာ တွေ့ရပါတယ်။ ဒုတိယဂိုးကို ညာခြေနဲ့ သေသေသပ်သပ်ကန်သွင်းယူခဲ့သလို ရွှန်းနီသွင်းယူခဲ့တဲ့ဂိုးကိုလည်း ရရှိအောင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူဟာ အခုဆို သွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးဖန်တီးမှု သုံးကြိမ်အထိပြုလုပ်နိုင်ခဲ့တဲ့ ဆယ်ကျော်သက်အရွယ် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ပါတယ်။



**ပထမအကျော့အရှုံးကို ချေဖျက်နိုင်တဲ့ လက်စတာ**

အခြားပရိသတ်စိတ်ဝင်စားတဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ လက်စတာနဲ့ လီဗာပူးပွဲစဉ်မှာတော့ လက်စတာက တိုက်စစ်မှူး ဂျေမီဗာဒီရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့အတူ လီဗာပူးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး ပထမအကျော့ အန်ဖီးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကို ပြန်လည်ချေဖျက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပွဲစဉ်(၂၄)အပြီးမှာ လက်စတာက ဒုတိယနေရာမှ မန်စီးတီးကို သုံးမှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရမှတ် ၅၀ နဲ့ ဦးဆောင်ထားနိုင်ဆဲပဲဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ်(၂၄)ရလဒ်များ**

| | | |
|---|---|---|
| အာဆင်နယ် | ၀-၀ | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | ၂-၀ | အက်စ်တွန်ဗီလာ |
| ဆန်းဒါးလန်း | ၀-၁ | မန်စီးတီး |
| နော့ဝှစ်ချ် | ၀-၃ | စပါး |
| ခရစ္စတယ်ပဲလေ့စ် | ၁-၂ | ဘုန်းမောက် |
| ဝက်စ်ဘရွန်း | ၁-၁ | ဆွမ်ဆီး |
| လက်စတာ | ၂-၀ | လီဗာပူး |
| မန်ယူ | ၃-၀ | စတုတ် |

မေလှဲ့သင်း



# အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲဆုချီးမြှင့်

**မန္တလေး ဖေဖော်ဝါရီ ၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲပဏာမရွေးချယ်ထားသူများ နောက်ဆုံးအဆင့်ပြိုင်ပွဲများနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

ကာယဗလမောင်(အငယ်တန်း)ပြိုင်ပွဲတွင် အောင်မင်းသိန်း (ရတနာပုံတက္ကသိုလ်) ပထမ၊ ဝေအောင်ဖြိုး(ကလေးတက္ကသိုလ်)ဒုတိယ၊ အောင်ကျော်ဟိန်း(ဗန်းမော်တက္ကသိုလ်)တတိယရရှိပြီး ကာယဗလမောင်(အကြီးတန်း)ပြိုင်ပွဲတွင် စံရွှေထွန်း(တောင်ကြီးတက္ကသိုလ်)ပထမ၊ ဇော်မျိုးသက်(မုံရွာတက္ကသိုလ်)ဒုတိယ၊ အောင်ဇော်မျိုး(လားရှိုးတက္ကသိုလ်)တတိယဆုများ ရရှိသွားသည်။

ကာယအလှမယ်(အငယ်တန်း)ပြိုင်ပွဲတွင် သပြေအောင်(နိုင်ငံခြားဘာသာတက္ကသိုလ်)ပထမ၊ မဖြိုးပြည့်ကျော်(ကျောက်ဆည်တက္ကသိုလ်)ဒုတိယ၊ မသီရိဝါဝါကျော်(မန္တလေးတက္ကသိုလ်)တတိယရရှိပြီး ကာယအလှမယ်(အကြီးတန်း) ပြိုင်ပွဲတွင်မသဉ္ဇာမိုး(မန္တလေးတက္ကသိုလ်)ပထမ၊ မထက်ထက်ဝေ(မန္တလာကောလိပ်)ဒုတိယ၊ မခင်မိုးသူ(ရတနာပုံတက္ကသိုလ်)တတိယဆုများ ရရှိခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# အာရှခြင်းလုံးနှင့်ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲ မြန်မာနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၃**

အားကစားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကဒုတိယအကြိမ်မြောက် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှခြင်းလုံးနှင့် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲကို မန္တလေးခရိုင် အမရပူရမြို့နယ် ဝေရောစနကျောက်စိမ်းစေတီတော်အနီးရှိ ခြင်းလုံးအားကစားလေ့ကျင့်ရေးရုံတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်သည်။

အာရှခြင်းလုံးနှင့် ပိုက်ကျော်ခြင်းဖိတ်ခေါ်ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံမှ အမျိုးသား၊ အမျိုးသမီးအသင်းများ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ တရုတ်၊ ဂျပန်၊ တောင်အာရှဒေသနိုင်ငံများမှ ပိုက်ကျော်ခြင်းအားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မန်စီးတီးအမှတ်ပေးဇယားထိပ်ကို ဦးဆောင်ဖို့ ကြိုးစားမယ်

## ပရီမီယာလိဂ်ရင်ခုန်သံ – ၂၅

*ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ ၆၊ ၇၊ ၉ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်ဟာ ကြားပွဲဖြစ်တဲ့ပွဲစဉ်(၂၄)နဲ့ နီးကပ်နေတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ကြတာကို သတိပြုအားပေးသွားမှာပါ။ ဒီပွဲစဉ်မှာ ချယ်လ်ဆီးနဲ့ မန်ယူ ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့်လည်း အကြိတ်အနယ်ရှိမှာပါ။*

ရှိုင်းမင်းမင်း

**မန်စီးတီး - လက်စတာ ည ၇:၁၅ (၆-၂-၁၆)**

လက်စတာရဲ့ ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် လက်စတာဟာ ကြားပွဲစဉ်ဖြစ်တဲ့ ပွဲစဉ်(၂၄)မှာ လီဗာပူးနဲ့ ဆုံခဲ့ရလို့ ပွဲပိုပန်းနေနိုင်ပါတယ်။ ဒါ့အပြင် မန်စီးတီးကလည်း ဒီလိုအရေးပါတဲ့ပွဲမျိုးမှာ နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းခြေလည်း ပိုကောင်းတတ်ပါတယ်။ မန်စီးတီးပဲ အနိုင်ရမယ်။

**ဆွမ်ဆီး - ပဲလေ့စ် ည ၉:၃၀ (၆-၂-၁၆)**

အခုနောက်ပိုင်းမှာ ပဲလေ့စ်ရဲ့ခြေစွမ်းက တောက်လျှောက်နီးပါးကျဆင်းနေပါတယ်။ အထူးသဖြင့် ပဲလေ့စ်ရဲ့ ခံစစ်ဇုန်က အခုနောက်ပိုင်းမှာ အမှားအယွင်းတွေ များနေပြီး ဂိုးတွေဆက်တိုက်ပေးနေရတာကြောင့် ဆွမ်ဆီးတို့အိမ်ကွင်းအားနဲ့ ဖိအားပေးရင် အခွင့်အရေးရနိုင်ပါတယ်။ ခြေပြန်ကောင်းလာတဲ့ ဆွမ်ဆီးကပ်နိုင်မယ်။

**စတုတ် - အဲဗာတန် ည ၉:၃၀ (၆-၂-၁၆)**

စတုတ်က ရလဒ်ပိုင်းမတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံနဲ့ ထိုးဖောက်ကစားပုံထက်မြက်မှုရှိပြီး အိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံမာကျောမှုရှိပါတယ်။ ဒါကြောင့် ခံစစ်အားနည်းမှုရှိတဲ့ အဲဗာတန်တို့ နိုင်ပွဲရဖို့ရုန်းကန်သွားရမှာ သေချာပါတယ်။ သရေကျဖို့များတယ်။

**ဗီလာ - နော့ဝှစ်ချ် ည ၉:၃၀ (၆-၂-၁၆)**

အခုနောက်ပိုင်းမှာ ဗီလာဟာ တန်းမဆင်းရဖို့အတွက် ပွဲတိုင်းကို အာရုံစိုက်ကစားနေသလို ကစားအားလည်း ကောင်းမွန်လာပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဒီပွဲမှာလည်း ဗီလာတို့ အားစိုက်ကစားဦးမှာပါ။ နော့ဝှစ်ချ်ခြေကလည်း အခုနောက်ပိုင်း ကျဆင်းနေလို့ ဗီလာတို့ နိုင်ပွဲကပ်ရသွားမှာပါ။

**လီဗာပူး - ဆန်းဒါးလန်း ည ၉:၃၀ (၆-၂-၁၆)**

ဆန်းဒါးလန်းက တန်းမဆင်းရဖို့အတွက် အခုနောက်ပိုင်းမှာ ပွဲတိုင်းကို ကြိုးစားကစားနေသလို အသင်းလိုက်ခြေစွမ်းပိုင်းလည်း တိုးတက်လာပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းရဲ့ ခံစစ်ကတော့ အခုအခါ ကျစ်လျစ်မှုမရှိသေးပါဘူး။ ဒါကြောင့် အမှတ်လိုနေလို့ အိမ်ကွင်းတင်ကစားမယ့် လီဗာပူးပဲအနိုင်ရမှာပါ။

**စပါး - ဝက်ဖို့ဒ် ည ၉:၃၀ (၆-၂-၁၆)**

ဝက်ဖို့ဒ်က ရလဒ်ပိုင်းအားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ကစားမှုမဆိုးပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်ပါဘူး။ စပါးကတော့ ခြေကောင်းနေသလို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်ပါ အာရုံစိုက်နေတာကြောင့် တိုက်စစ်ဖွင့်ကစားမှာဖြစ်သလို နိုင်ပွဲလည်း ရမှာပါ။

**ကာဆယ်- ဝက်စ်ဘရွန်း ည ၉:၃၀ (၆-၂-၁၆)**

တန်းမဆင်းရဖို့အတွက် ကာဆယ်တို့ပွဲတိုင်းလို ခြေကုန်ထုတ်ကစားနေသလို ကစားပုံလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေသလို အဝေးကွင်းပွဲစဉ်တွေမှာလည်း အမှတ်ရအောင် ကစားတတ်ပါတယ်။ ကာဆယ်တို့ သရေလောက်ပဲရမယ်။

**ဘုန်းမောက် - အာဆင်နယ် ည ၈:၀၀ (၇-၂-၁၆)**

အာဆင်နယ်က အခုနောက်ပိုင်းပွဲတွေမှာ ရမှတ်ဆုံးရှုံးနစ်နာမှုတွေများခဲ့တာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ နိုင်ပွဲရရှိရေးအားစိုက်လာမှာပါ။ ဒါပေမယ့် တန်းမဆင်းရရေးရုန်းကန်နေတဲ့ ဘုန်းမောက်ရဲ့ ခံကစားအားကလည်း ကောင်းမွန်နေလို့ အာဆင်နယ်ကပ်ပြီးသာနိုင်မယ်။

**ချယ်လ်ဆီး - မန်ယူ ည ၁၀:၃၀ (၇-၂-၁၆)**

ပထမအကျော့တုန်းက ဂိုးမရှိသရေကျခဲ့ပါတယ်။ အခုအချိန်တော့ မန်ယူရဲ့ကစားပုံက ထင်ထားသလောက် တိုးတက်မှုရှိမလာပေမယ့် ချယ်လ်ဆီးကတော့ ဟစ်ဒင့်လက်ထက်မှာ ကြိုးစားရုန်းကန်ကစားနေပြီး ခြေစွမ်းလည်း တိုးတက်လာကာ အိမ်ကွင်းလည်းဖြစ်တယ်။ ချယ်လ်ဆီး နိုင်ပွဲရမယ်။

**ဆောက်သမ်တန် - ဝက်စ်ဟမ်း နံနက် ၀၁:၀၀(၇-၂-၁၆)**

ဝက်စ်ဟမ်းခြေစွမ်းက ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ဒီနောက်ပိုင်းမှာ ခြေစွမ်း ပြန်လည်တည်ငြိမ်လာကာ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားမှာသေချာပါတယ်။ အကြိတ်အနယ်ရှိမယ့် ပွဲစဉ်ဖြစ်ပြီး ဆောက်သမ်တန်ပဲနိုင်ပွဲရမယ်။ ဂိုးတော့မပြတ်ဘူး။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။

(စာတည်း)



ဝင်း
အောင်
ကြီး

# လူထုအားထားစရာ ဗမာ့အသံ

ရေဒီယို ဟူသောစကားကို ကျွန်တော် ပထမဆုံး ကြားဖူးသည်မှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မို့ မှတ်မိနေခြင်းဖြစ်သည်။

"သေကုန်ကြပြီ၊ ဗိုလ်ချုပ်အောင်ဆန်းရော၊ ဦးရာဇာတ်ရော အများကြီးပဲ" ဟု ကိုကိုကြီးက ပျာပျာသလဲ အိမ်ထဲဝင်လာရင်း ပြော၏။

ကျွန်တော်တို့ရွာရှိ ဦးငြိမ်းမောင်၏ အိမ်၌ ဝိုင်းနားထောင်နေရင်း သိခဲ့ပုံလည်း ရှင်းပြသည်။ ရေဒီယို၏ အရေးကြီးပုံ ခန့်မှန်းမိသော်လည်း ကျွန်တော် မမြင်ဖူး၊ နားမထောင်ဖူးသေးပါ။

ပဲခူးသို့ စစ်ပြေးဒုက္ခသည်အဖြစ် ရောက်သွားသောအခါ ကျွန်တော်တို့ ငှားနေသည့် အိမ်တွင်လည်း ရေဒီယိုမရှိ၊ ခေါင်းရင်းကပ်လျက် အိမ်က ရေဒီယို ဖွင့်သည်ကို ပြတင်းပေါက်နားက မတ်တတ်ရပ်ကာ နားထောင်ဖူးလိုက်ပြီ။

လအတန်ကြာတော့မှ ရေဒီယိုကို စတင်မြင်ဖူးသော ကျွန်တော်သည် တစ်နေ့သောအခါ မြန်မာ၊ ဆိုဗီယက်ယူနီယံ၊ အမေရိကန်တို့မှာ နှစ် ၄၀ လောက် အသံလွှင့်သမား ဖြစ်လာလိမ့်မည်ဟု ယောင်လို့ပင် အိပ်မက်မမက်မိ။ ထားပါတော့ အဲဒါက ကျွန်တော့်ကိုယ်ရေး။

မြန်မာပြည်တွင် လူထုအထူးသဖြင့် သတင်းစာမဖတ်နိုင်သူများ အားထားစရာ ရေဒီယိုပေါ်လာပုံကို လေ့လာကြည့်ကြပါစို့။

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဦးခင်ဇော် (K) သည် ဂျပန်ခေတ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ All India Radio မှ မြန်မာပြည်သို့ အသံလွှင့်ရာ၌ ဒေါ်သန်းဇ (ဘိလပ်ပြန်သန်း) လည်းပါဝင်၏။

> မသေသေးတဲ့လူကို သေသွားပြီလို့ ရေဒီယိုကမှားပြီး ပြောလိုက်မိတာနဲ့ သေမသွားဘူး။ သေသွားသူကို မသေသေးလို့ ဆိုရုံနဲ့လည်း ပြန်ရှင်မလာဘူး။ ခုလိုအပြေးအလွှားလုပ်နေရတာမို့ မှားနိုင်တယ်။ မှားသွားတယ်။

တက်ဘုန်းကြီးသိန်းဖေတို့ မြန်မာပြည်သို့ လေယာဉ်ပျံပေါ်ကနေ ကြဲချမည့် လေနတ်သားသတင်းလွှာများကိုလည်း သူက အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လ စစ်ကြီးပြီးဆုံး၍ မြန်မာပြည်သို့ ပြန်လာသော ဦးခင်ဇော် (K) သည် ဂီတကျွမ်းကျင် တယောထိုးကောင်းသူပါ။ မင်းသုဝဏ်၏ မောင်ခွေးဖို့ ကဗျာများကို သူအသံသွင်းပေးရာ မေရှင်ဆိုသည့် ကလေးသီချင်းများ ဖြစ်ခဲ့၏။ ဥပမာ-ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်။

ရေဒီယိုသည် လွတ်လပ်ရေးတိုက်ပွဲဝင် ဗိုလ်ချုပ်အောင်ဆန်း၏ အားထားရာ ဖြစ်လာကာ လူထုစည်းရုံးရေး အသံလွှင့်ဌာနထူထောင်ဖို့ စတင်ပြင်ဆင်သောအခါ ဦးခင်ဇော်သည် အဓိကနေရာမှ ပါဝင်ခဲ့၏။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ ဝင်ဒါမီယာက ရက်ဆင့်လူနေတိုက်အိမ်တစ်လုံးကို အသံလွှင့်စတူဒီယိုလုပ်ပြီး ဗမာ့အသံ Burma Broadcasting Service, BBS ဟု နာမည်ပေးကာ ဦးခင်ဇော် ဦးစီးတည်ထောင်အသံလွှင့်ကြသည်။

ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို အမှူးပြုပြီး စာပေနှင့်ယဉ်ကျေးမှုပညာရှင်များ စုံနိုင်သမျှစုံလင်စွာ ညှိနှိုင်းတိုင်ပင် လုပ်ဆောင်ကြခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောရာသို့ သွားရောက်ကာ ခက်ခဲစွာ အသံသွင်းပြီး ပြန်လည်အသံလွှင့်ခြင်းကို ဗမာ့အသံက လုပ်ဆောင်ပေး၍ ရေဒီယိုရှိရာ၌ လူအများ စုပြုံနားထောင်နိုင်ကြ၏။

ထိုစဉ်ကာလတွင် ရေဒီယိုရှားပါးခြင်း၊ တိပ်ခွေဖြင့် အသံသွင်းကိရိယာ (Tape Recorder) မပေါ်သေး၍ လေးလံသောပစ္စည်းများ၊ စစ်ပြီးချိန် အစစအရာရာ ရှားပါးနေသည်ကို စာဖတ်သူများတွေးကြည့်ပါ။

သတင်းများ၊ သတင်းစာကောက်နုတ်ချက်များ၊ ဟောပြောချက်များသာမက သီချင်းကြီး၊ ကာလပေါ်တူရိယာအဖွဲ့တို့ကလည်း လူနေအိမ်ခန်း တဖြစ်လဲ စတူဒီယိုသို့ လာရောက်ကာ သီဆိုတီးမှုတ် ဖျော်ဖြေကြ၏။ လွတ်လပ်ရေးတိုက်ပွဲသီချင်းများ၊ ပြန်လည်ထူထောင်ရေး သီချင်းများကိုလည်း ရေဒီယိုကနေသောတရှင်များ နားထောင်ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ပြည်သူလူထုအကြား အရေးပါ ထိရောက်သော ဆက်သွယ်ရေးလမ်းကြောင်း၊ လူထုအားထားစရာ ဗမာ့အသံအဖြစ် နေ့ချင်းညချင်း ပီပြင်လာလေပြီ။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်ကနေ မနက်ပိုင်း ရန်ကုန်ပြန်ရောက်လာပြီး ထိုနေ့ညနေဘက် ဗမာ့အသံကနေ အောင်ဆန်း-အက်တလီစာချုပ်နှင့် ပတ်သက်၍ နိုင်ငံသို့ အသံလွှင့်အစီရင်ခံနိုင်ပြီ။ ဗမာ့အသံ ညွှန်ကြားရေးဝန်မှာ ဦးခင်ဇော် (K)၊ ဒုတိယညွှန်ကြားရေးဝန်က ဦးထင်ဖတ် (စာရေးဆရာမောင်ထင်) ဖြစ်သည်။

နာမည်ကြီး နောက်ဆုံးမိန့်ခွန်းပြောအပြီး ဗိုလ်ချုပ်အောင်ဆန်းထံ ရောက်သွားကြပုံနှင့် ပတ်သက်၍ ဆရာမင်းသုဝဏ်ရေးသားသော ဆောင်းပါး၌ "ကိုခင်ဇော်ရောက်လာပြီး နှစ်ယောက်သား ကိုထင်ကို ဝင်ခေါ်ကာ အတွင်းဝန်ရုံးသို့ သွားကြ၏၊ ဗိုလ်ချုပ်အောင်ဆန်း ရုံးခန်းတွင် ဆရာချိုလည်း ရောက်နေ၍ စကားဝိုင်း အတော်မြိုင်သွား၏။ ဗိုလ်ချုပ်က သူ့မိန့်ခွန်းလွှင့်ပြီးပြီလားဟု မေးရာ ကိုထင်က သိပ်ကြမ်းတဲ့နေရာတွေဖြတ်ပြီး လွှင့်လိုက်ကြောင်း ပြောသောအခါ ဟာ အဆီတွေပါသွား ကုန်ပြီပေါ့ဟု ရယ်ကာမောကာ ပြန်ပြောသည်။

ဗိုလ်ချုပ်အိမ်က ရေဒီယိုအသံကောင်းကောင်း မထွက်ဟု ဆရာချိုကပြော၍ ကိုခင်ဇော်က အသစ်ရှာပြီး လဲပေးမည်" စသဖြင့်ပါရှိသည်။

ယင်းမှာ ဟံသာဝတီသတင်းစာတွင်ပါသော အာဇာနည်နေ့ဆောင်းပါးမှ ကောက်နှုတ်ချက်ပါ။

ရက်အနည်းငယ်ကြာသောအခါ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရ၍ သေဆုံးကြပုံကို ဗမာ့အသံက ချက်ချင်းအပြေးအလွှား ကြေညာပေး၏။ ဘုရင်ခံဆာဟူး ဘတ်ရန့်စ်ကလည်း မငြိမ်မသက် မဖြစ်ကြဖို့ ဗိုလ်ချုပ်အစီအစဉ်အတိုင်း ဖဆပလ ဒု-ဥက္ကဋ္ဌ သခင်နုအား ဦးဆောင်စေကာ ဆက်လက် လုပ်ဆောင်သွားမည်ဟု ဗမာ့အသံကို ကိုယ်တိုင်လာရောက်ပြီး တိုင်းပြည်သို့ အစီရင်ခံ၏။

စစ်ပြီးခေတ် မြန်မာနိုင်ငံ၏သမိုင်းတွင် အတိမ်းအစောင်းမခံနိုင်သော အလွန်အမင်း အန္တရာယ်လည်း ကြီးမားသော အချိန်ကာလ။ ဗမာ့အသံပါဝင်ခဲ့သော အခန်းကဏ္ဍကို မှတ်တမ်းမှတ်ရာများရှာဖွေလေ့လာနိုင်၏။ ကျွန်တော်ကြားဖူးသော ဖြစ်ရပ်တစ်ခုကမူ "သတင်းငတ်သည့်သတင်းသမား"စာအုပ်အတွက် အသုံးဝင်နိုင်၊ စာဖတ်သူများလည်း စိတ်ဝင်စားနိုင်၍ ရေးသားပါမည်။

ရန်ကုန်မြို့အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ စည်းဝေးနေကြစဉ် လက်နက်ကိုင်လူတစ်စု ဝင်ရောက်လာပြီး ပစ်ခတ်သောကြောင့် လွတ်သူ လွတ်သွား၊ ပွဲချင်းပြီးသေဆုံးသူများ သေဆုံးကြ၊ ဒဏ်ရာရကြသူများအား အပြေးအလွှားဆေးရုံသို့ သယ်ဆောင်ကြရသည်။

ဗမာ့အသံက ထိုသတင်းကိုကြေညာရာ၌လည်း အပြေးအလွှား လုပ်ဆောင်ကြရ၏။

သတင်းကြေညာသူက မိုင်းပွန်စော်ဘွားကြီးကိုလည်း သေဆုံးသွားသူများ နာမည်စာရင်းထဲ ထည့်သွင်းမိသဖြင့် သခင်နုကိုယ်တိုင် ဂျစ်ကားနှင့် ဝင်ဒါမီယာ ကရက်ဆင့်သို့ ရောက်ရှိလာကာ မှားယွင်းစွာ သတင်းကြေညာသူ မည်သူနည်းဟု မေးမြန်းသည်။

ဗမာ့အသံ ညွှန်ကြားရေးဝန်ဦးခင်ဇော် (K) က "မသေသေးတဲ့လူကို သေသွား ပြီလို့ ရေဒီယိုကမှားပြီး ပြောလိုက်မိတာနဲ့ သေမသွားဘူး။ သေသွားသူကို မသေသေးလို့ ဆိုရုံနဲ့လည်း ပြန်ရှင်မလာဘူး။ ခုလိုအပြေးအလွှားလုပ်နေရတာမို့ မှားနိုင်တယ်။ မှားသွားတယ်။ သတင်းကြေညာသူကိုတွေ့ဖို့မလိုဘူး။ နာမည်သိဖို့လည်းမလိုဘူး။ ဗမာ့အသံမှာ တာဝန်ခံကျုပ်ပဲ " ဟု ရဲရင့်ပြတ်သားစွာ ပြောလွှတ်လိုက်ပုံ၊ ကာယကံရှင် ထိုသတင်းကြေညာသူ ဦးမောင်မောင်လှိုင် (နောက်ပိုင်းအမေရိကန် ပြန်ကြားရေး ဌာန)က ကျွန်တော့်အား ပြောပြဖူးသည်။

(မှတ်ချက်။ ဗမာ့အသံဟု စတင်ခဲ့ပြီး နှစ်အတန်ကြာတော့မှ မြန်မာ့အသံ ဖြစ်သွားတာပါ။ သတင်းကျင့်ဝတ်အရ ထိုအချိန်က နာမည်ကို သုံးခြင်း ဖြစ်ပါသည်။)



# နိုင်ငံခြားဖြစ် ဖိနပ်များ ဝင်ရောက်မှုများလာ၍ ဒေသထွက်သားရေဖိနပ်များ ရောင်းအားကျဆင်း

**မုံရွာ ဖေဖော်ဝါရီ ၃**

နိုင်ငံခြားဖြစ်တန်ဖိုးနည်း ခြေညှပ်ဖိနပ်များ ဈေးကွက်အတွင်း ဝင်ရောက်လာမှုများသဖြင့် သားရေ ခြေညှပ်ဖိနပ်များ ရောင်းအားများ ကျဆင်းလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကန်ပြား ကျေးရွာအုပ်စုမှ သားရေဖိနပ် ကိုယ်တိုင်ထုတ်လုပ်ရောင်းချသော လုပ်ငန်းရှင်များက ပြောသည်။

ကန်ပြားကျေးရွာအုပ်စုတွင် အဓိကလုပ်ငန်းအဖြစ် ရက်ကန်းလုပ်ငန်း လုပ်ကိုင်ပြီး ဒုတိယအများဆုံး အဖြစ် သားရေ ခြေညှပ်ဖိနပ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်အမြင်လှပြီး တန်ဖိုးနည်းသော ထိုင်းနှင့် တရုတ်နိုင်ငံလုပ် ခြေညှပ်ဖိနပ်များ ဝင်ရောက်လာပြီး နောက်ပိုင်းတွင် ရောင်းအားများ ကျဆင်းခဲ့ခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်လောက်ကတော့ သားရေဖိနပ်လုပ်ငန်းကို ဒီရွာမှာ လူနှစ်ဦးကစပြီးလုပ်ခဲ့တာ။ အခု ဒီကျေးရွာအုပ်စုမှာတော့ လုပ်ငန်းရှင် အနေနဲ့ ၅၀ ဦးလောက်က ခြေညှပ်သားရေဖိနပ် တံဆိပ်မျိုးစုံ ၁၀၀ ကျော်ကို ထုတ်လုပ်နေပါတယ်။ ဟိုတုန်းကတော့ ရောင်းအားကောင်းတယ်။ ချင်းတွင်းအထက်ပိုင်း ဒေသတွေဖြစ်တဲ့ ကလေး၊ တမူး၊ ဟုမ္မလင်း၊ နမ့်တော တို့ကို မုံရွာမြို့ကနေ တစ်ဆင့်ရောင်းချကြတယ်။

"အခုနောက်ပိုင်းမှာ တန်ဖိုးနည်းတဲ့ နိုင်ငံခြားဖိနပ်တွေဝင်လာတော့ သားရေဖိနပ်တွေ ရောင်းအားကျလာတယ်။ အဘိုး၊ အဘွားလက်ထက်ကတည်းက လုပ်ခဲ့တဲ့လုပ်ငန်းဖြစ်တော့ မပျောက်ပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ ကျွန်တော်တို့ လက်ထက်မှာလည်း ဆက်လက်လုပ်နေတာပါ" ဟု ကန်ပြားကျေးရွာအုပ်စုမှ 'စိန်နာရီ' သားရေခြေညှပ်ဖိနပ် ထုတ်လုပ်ရောင်းချသူ ဦးမျိုးမြင့်က ပြောသည်။

သားရေခြေညှပ်ဖိနပ်သည် စွန့်ပစ်ပစ္စည်းများဖြစ်သော ကားကျွတ် (လေလုံး)ကို ဖိနပ်အောက်ခံအဖြစ်လည်းကောင်း၊ ရေပိုက်အဟောင်းများကို သဲကြိုးအမာခံအဖြစ်လည်းကောင်း အသုံးပြုပြီးအခြား ကုန်ကြမ်းများဖြစ်သော သားရေများ၊ ရော်ဘာနှင့် ကတ္တီပါစများကို မုံရွာ၊ မန္တလေးမြို့များမှလည်းကောင်း ဝယ်ယူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"ဒီဖိနပ်လုပ်ငန်းကို လုပ်သားအဖြစ်လုပ်တဲ့ သူတစ်ယောက်က ၁၀ နှစ်လောက်အချိန်ယူပြီး သင်မှတတ်တာ၊ အခုနောက်ပိုင်းကျတော့ သင်တဲ့သူတွေနည်းလာတယ်။ အခုလက်ရှိကတော့ ဟိုတုန်းကတည်းက သင်တဲ့သူတွေပဲ ဆက်လုပ်ကြတော့တယ်။ အသစ်သင်တဲ့သူက တော်တော်ကိုနည်းလာတယ်။ လက်ငင်းငွေရတဲ့ လုပ်ငန်းတွေဖြစ်တဲ့ အိန္ဒိယနယ်စပ်မှာသွားပြီး ရက်ကန်းလုပ်ငန်းပဲ သွားလုပ်ကြတာများတယ်၊ ဖိနပ်လုပ်တဲ့ ကျွမ်းကျင်တဲ့သူတစ်ဦး တစ်ရက်ကို ခြေညှပ် ၁၀ ရံပြီးတယ်။ တစ်ရံကို ငွေကျပ် ၄၀၀ ရတယ်။ တစ်ရက်ကို ငွေကျပ် ၄၀၀၀ ရတယ်" ဟု ခြေညှပ်ဖိနပ်လုပ်သည့်လုပ်သားတစ်ဦးက ပြောသည်။

ကန်ပြားကျေးရွာအုပ်စုတွင် ဘိုးဘွားလက်ထက်ကတည်းက လက်ဆင့်ကမ်းလုပ်ကိုင်လာသော သားရေ ခြေညှပ်ဖိနပ်လုပ်ငန်းများ အစဉ်အဆက် တွင်ကျယ်စွာလုပ်ကိုင်ကြသော်လည်း အမြင်လှပြီး တန်ဖိုးနည်းပါးသည့် နိုင်ငံခြားဖြစ်ခြေညှပ်ဖိနပ်များ ဝင်လာပြီးနောက်ပိုင်းတွင် ရောင်းအားများကျဆင်းလာကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယာဉ်တိုက်မှုလျော့နည်းစေရေး ရှောင်တခင်စစ်ဆေး

**ပျဉ်းမနား ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရန်နှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူးဒေါ်တင်တင်ဌေးနှင့်အဖွဲ့သည် မြို့တွင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ပျဉ်းမနားမြို့ရာဇဌာနီလမ်းမကြီး၏ ဘောဂသီရိကားဝင်းအနီး၌ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီတွင် မော်တော်ယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့သည်။

ထို့နောက် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ ရှိစေရေးလိုက်နာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

ပြည်တွင်းရေးရာ

# ချောက်မြို့နယ်တွင် စက်ရေတွင်း ၁၀ တွင်း ပြုပြင်၍လွှဲပြောင်းပေးအပ်

**ချောက် ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ထိန်စမ်းကျေးရွာအုပ်စု အိုင့်ကြီးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (BAJ)တို့ ပူးပေါင်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စက်ရေတွင်း ၁၀ တွင်း ပြုပြင်၍ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါစက်ရေတွင်းများ ပြုပြင်တူးဖော်ပေးခြင်းအားဖြင့် ချောက်မြို့နယ်သည် မိုးနည်းရေရှားသည့်ဒေသဖြစ်၍ နွေရာသီတွင် ရေရှားပါးမှုပြဿနာများ မကြုံရဘဲ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့်ဆောင်ရွက်လျက်ရှိသော သလုံးသွေးကျေးရွာအုပ်စု၊ သလုံးသွေးကျေးရွာ မြစိမ်းရောင်လုပ်ငန်းများနှင့် ကြို့ပင်ကျေးရွာအုပ်စု၊ ကြို့ပင်ကျေးရွာ ၄ လက်မပိုက်ဝ ၊ ပေ ၇၄၀ စက်ရေတွင်းတူးဖော်နေမှုနှင့် ရေစက်ရုံ၊ ရေကန်တည် ဆောက်ပြီးစီးမှု အခြေအနေများကိုလည်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်လုပ်ငန်းများမှ ပန်းဘဲကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာ ၄ လက်ပိုက်ဝ ၊ ပေ ၆၈၀ စက်ရေတွင်း၊ သစ်တိုကန်-မင်းဒေါင့် (မြေ+မြေနီ)လမ်း ၁ မိုင် ၇ဖာလုံ နှင့် ကြောင်ယာတောကျေးရွာ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ဒေသမွမ်းမံရန်ပုံငွေဖြင့် တူးဖော်လျက်ရှိသော ၄ လက်မပိုက်ဝ စက်ရေတွင်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မချို(ချောက်)**

❐

ဖတ်စရာ

à ဇေယျာနောင်



# tifrSefu,fomanmifrfacwfapwyfDkbm;

ရှေးဟောင်းယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်သော အင်းဝမြို့ဟောင်းသည် ပြည်တွင်းပြည်ပမှ လည်ပတ်လေ့လာသူများ၊ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

နေ့စဉ်မပြတ် ဧည့်သည်များ ဝင်ထွက် သွားလာနေကြသော်လည်း သမိုင်းထဲက မြို့တော်ဟောင်းတစ်ခု၏ပုံရိပ်များ ရှင်သန်နေဆဲဖြစ်ပြီး ကျေးလက်ရနံ့များ သင်းပျံ့နေဆဲလည်းဖြစ်သည်။

အင်းဝကိုလာရောက် လည်ပတ်ကြသူတွေ အင်းဝရောက်လျှင် ဘယ်နေရာတွေသွားမည်နည်း။ အင်းဝ၏ အထင်ကရနေရာများဖြစ်သော မယ်နုအုတ်ကျောင်းကြီးကိုသွားမည်။ ဗားကရာကျောင်းကြီးကိုသွားမည်။ နန်းမြင့်မျှော်စင်ကိုသွားမည်။ နန်းမြင့်မျှော်စင်ပေါ်ကို အရင်က တက်လို့ရသည်။ ယခု အန္တရာယ်ရှိသည်ဆိုပြီး ပိတ်ထားသဖြင့် တက်ခွင့်မရတော့။ အချို့က ဆင်ကျုံးခံတပ်သွားမည်။ ပြည်တွင်း ဘုရားဖူးအချို့ကတော့ ဆင်ကျုံးခံတပ်မရောက်ခင် လမ်းညာဘက်က လောကသရဖူဘုရားကြီးဝင်ကြမည်။ မယ်နုအုတ်ကျောင်းနှင့် ကပ်လျက်ရှိသော မဟာအောင်မြေဆုတောင်းပြည့်ထီးလှိုင်ရှင်ဘုရားကိုလည်း ဝင်တတ်ကြသည်။

အင်းဝ၏ အဓိကလမ်းမကြီးပေါ်မှာပင် တည်ရှိသော မဟာမြတ်မုနိခေါ် စန္ဒာမုနိဘုရားကို ဝင်ရောက်ဖူးမြော်သူကတော့ မနည်းမများဟုဆိုရမည်။ ပြီးလျှင် စန္ဒာမုနိနှင့်မျက်နှာချင်းဆိုင်ရှိ လေးထပ်ကျောင်းကြီးကို ခရီးသွားဟန်လွှဲဝင်လေ့ရှိသည်။ တစ်ပိုင်းတစ်စ ပြိုကျပျက်စီးနေသော ဂူထွဝင်ဆန်လွန်းလှသည့် ထုနှင့် ထည်နှင့် လေးထပ်ကျောင်းကြီးမှာ မင်းကွန်းပုထိုးတော်ကြီးကိုသာ မမြင်ဖူးပါက လွန်စွာ ရင်သပ်ရှုမောအံ့သြကြရပါလိမ့်မည်။ အုတ်ပေါင်းကူးများ၊ လိုဏ်မုခ်များ၊ စိန်တောင်များဖြင့်တည်ဆောက်ထားပြီး အင်္ဂတေပန်းများဖြင့် ထုလုပ်ထားသည့် သိကြားရုပ်၊ မိချောင်းရုပ်၊ ခြသေ့်ရုပ်တို့ကို ကောင်းစွာ ကြည့်ရှုလေ့လာနိုင်ကြသဖြင့် ပြည်ပဧည့်သည်များ တစ်ခါတစ်ခါ ရောက်လာတတ်သည်။

အင်းဝမှ မြင်းလှည်းဆရာများ အဆိုအရတော့ ပြည်ပဧည့်သည်များကို ဒေါ်ဂျမ်းဘုရားစု၊ ရတနာဆီမီးဘုရားစု၊ ဗားကရာကျောင်း၊ နန်းမြင့်မျှော်စင်နှင့် မယ်နုအုတ်ကျောင်းတို့ကို အင်းဝ၏ အဓိကနေရာများအဖြစ် မြင်းလှည်းခရီးတစ်ပတ် လိုက်လံပို့ဆောင်ပေးရကြောင်း သိရသည်။

ရွှေစည်းခုံဘုရားနှင့် သစ္စာတိုက်ဘုရားတို့ကိုမူ အရောက်နည်းကြသည်။ အဝင်နည်းကြသည်။ အင်းဝမြို့တောင်ဘက်အထွက်ရှိ စလင်းမင်းသားကြီးဦးအို၏ မဟာဇေယပထ အုတ်တံတားမှာလည်း ဖြတ်သွားဖြတ်လာလောက်သာ ရောက်ကြသည်။ နောက်ထပ်အရောက် အပေါက်နည်းသော နေရာတစ်ခုရှိပါသေးသည်။

ပြည်တွင်းဘုရားဖူးရော ပြည်ပဧည့်သည်ရော အများစုက ထိုနေရာကို မရောက်ကြပါ။ အချို့ သိပင်မသိကြ။ အင်းဝတွင် ဆယ်နှစ်ဆယ့်ငါးနှစ်နေလာခဲ့သူ ဒေသခံတစ်ဦးကတော့ ထိုနေရာကို သူ့တစ်သက်တွင် နှစ်ခေါက်သာရောက်ဖူးခဲ့သည်ဟု ဆိုသည်။

ထိုနေရာကား ဗားကရာကျောင်းကြီးနှင့် မလှမ်းမကမ်းမှ ညောင်ရမ်းခေတ်ဘုရားများတည်ရှိရာ နေရာပင်ဖြစ်သည်။ ဗားကရာကျောင်းကြီးမှ ပြန်ထွက်ပြီး ကျောင်းကိုကျောပေးလိုက်လျှင် ဘယ်ဘက်သို့သွားသည့် မြေလမ်းကလေးတွေ့ပါလိမ့်မည်။ ထိုမြေလမ်းလေးအတိုင်း လိုက်သွားပါက နှစ်ဖာလုံ သုံးဖာလုံခန့်ဆိုလျှင် ရောက်ပါပြီ။ ဂန္ဓာလရာဇ်တံခါးအနီးဖြစ်ပြီး ဂန္ဓာလရာဇ်ရွာကလေးကိုလည်း တွေ့ရပါမည်။ ရွာအနီးမှာပင် မြင်း မိုရ်တောင်ဘုရား၊ ဝက်ပါဘုရား၊ ကြောင်လိမ်ဘုရားနှင့် မဟာလောကဒုဿမာရ်အောင်ဘုရားတို့ စုစုစည်းစည်း နီးနီးကပ်ကပ် တည်ရှိနေကြသည်။ ဒုတိယအင်းဝခေတ်ခေါ် ညောင်ရမ်းခေတ်က တည်ထားခဲ့သော ဘုရားများဖြစ်ပြီး အခြားဘုရားစေတီများနှင့်မတူ တစ်မူထူးခြားသော လက်ရာများကို ကြည့်ရှုလေ့လာနိုင်ကြသည်။

မြင်းမိုရ်တောင်စေတီကို သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက်သော မဟာဓမ္မရာဇာဓိပတိခေါ် ဟံသာဝတီရောက်မင်းတရားကြီးက တည်ထားခဲ့ခြင်းဖြစ်သည်။ မဟာဓမ္မရာဇာဓိပတိမင်းသည် ၎င်း၏ ခမည်းတော် တနင်္ဂနွေမင်း၏ သင်္ချိုင်းရာ၌ တည်ထားသည်ဟု ဆိုသည်။

မြင်းမိုရ်တောင်စေတီမှာ ဆလင်ဒါပုံဖြစ်ပြီး အပေါ်သို့တက်ရန် လှေကားသုံးခုရှိပါသည်။ အပေါ်တွင် စူဠာမဏိစေတီနှင့် ဝေဇယန္တာပြသာဒ်ရှိသည်။ လှေကားသုံးခုတွင် အလယ်လှေကားမှာ စေတီ၏အောက်ခြေဖိနပ်တော်မှ စေတီအပေါ်ထိတက်နိုင်သော လှေကားဖြစ်သည်။ ဘေးလှေကားနှစ်ခုမှာ စေတီ၏ တစ်ဝက်လောက်ထိသာတက်နိုင်ပြီး လိုဏ်အတွင်း ဝင်ကာပတ်တက်မှ အပေါ်သို့ရောက်ပါသည်။ ပစ္စယာခုနစ်ဆင့်ရှိပြီး အပေါ်ပစ္စယာနှစ်ခုတွင် မုခ်ငယ်လေးများအသီးသီး ပါရှိကြသည်။ တောင်စဉ်ခုနစ်ထပ် ဝန်းရံထားသော မြင်းမိုရ်တောင်စခန်းနှင့် နေရထား လရထားများလှည့်ပတ်နေဟန် တည်ဆောက်ထားသော စေတီဖြစ်သည်ဟု ဆိုကြသည်။

ဝက်ပါဘုရားကြီးမှာလည်း အတွင်းလိုဏ်ထဲ၌ အုတ်လှေကား အတက်အဆင်းများ၊ အကွေ့အကောက်လိုဏ်လမ်းများ၊ နံရံကပ်လှေကားများဖြင့် စိတ်ဝင်စားစရာကောင်းအောင် တည်ဆောက်ထားပါသည်။ အထပ်သုံးထပ်ရှိပြီး အပေါ်တွင် ပြိုကျပျက်စီးနေသော စေတီငယ်တစ်ဆူရှိသည်။

သာမန်ကြည့်လိုက်လျှင် လေးထောင့် အုတ်တိုက်ကြီးဆန်ဆန်ရှိသော ဤဝက်ပါကို အချို့က ဝက်ပါဘုရားဟုမဆိုဘဲ ဝက်ပါအဆောက်အအုံသာဖြစ်ပြီး ထိုအပေါ် သို့မဟုတ် အလယ်တွင်မှ ဝင်ရောက်ဖူးမြော်နိုင်ရန် ဘုရားစေတီများတည်ထားကြသည်ဟုဆိုပါသည်။ အုတ်ကျောက်တို့ဖြင့် အခိုင်အခန့် တည်ဆောက်ထားသော ဝက်ပါများအဖြစ် ရွှေတောင်မြို့အနီးရှိ ရွှေနတ်တောင်ဘုရားခြေတော်ရင်းတွင်တစ်ခု၊ မော်လမြိုင်တွင်တစ်ခုနှင့် အင်းဝမြို့ဟောင်းတွင်တစ်ခု (ဤဝက်ပါ) တို့ရှိကြောင်း စာပေများတွင်ဖတ်ရှုရသည်။ အချို့အရပ်ဒေသများတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့်အတူ ဝက်ပါပွဲတော်ကို ကျင်းပလေ့ရှိကြကြောင်းလည်း သိရသည်။

နောက်တစ်ဆူမှာ ကြောင်လိမ်ဘုရားဖြစ်သည်။ ကြောင်လိမ်ဘုရားသည်လည်း ပုဂံမှ ကုလားကျောင်းခံလိုဏ်ဂူဘုရားများကဲ့သို့ပင် အတွင်း၌ စကြံလှေကားများ၊ နံရံကပ်အတက်လှေကားများဖြင့် ထူးထူးခြားခြား တည်ဆောက်ထားပါသည်။ ကြောင်လိမ်ဘုရားမှာ တောင်လေးလုံးဟူသောဘွဲ့တော်ရှိကြောင်း မှတ်သားရပါသည်။ ကြောင်လိမ်ဘုရားနှင့် ဝက်ပါဘုရားတို့ကို တနင်္ဂနွေမင်း တည်ခဲ့သည်ဟု ဆိုကြသည်။

ဤစေတီကြီးများမှာ တစ်မူထူးခြားသောပုံစံများဖြင့် အဆန်းတကြယ် တည်ဆောက်ထားသောကြောင့် အံ့သြဖွယ်ရာပင်ဖြစ်ပြီး ကြည့်ရှုလေ့လာ၍ မရိုးနိုင်အောင်ဖြစ်ရပါသည်။ ပထမဆုံးအကြိမ်ရောက်ဖူးပြီး မြင်တွေ့ရသူများအဖို့မှာတော့ ရင်သပ်ရှုမောဖြစ်ကြရကာ ဤနေရာရောက်ဖူးမှပင် အင်းဝကိုရောက်ရတာ ပြည့်စုံသွားသလို ခံစားကြရပါသည်။

များစွာမပျက်စီးသေးသော ကြောင့်ကောင်းစွာ လေ့လာကြည့်ရှုနိုင်ကြသဖြင့် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဘုရားများတည်ရှိရာ ဝန်းကျင်သည်လည်း အေး ချမ်းတိတ်ဆိတ်ပြီးသာသာယာယာရှိသဖြင့် နားနားနေနေအချိန်ယူအပန်းဖြေနိုင်ကြလေရာ အင်းဝမြို့တော်ဟောင်းသို့ တစ်ခါတစ်ခေါက်ရောက်ကြပါလျှင် မြင်းမိုရ်တောင်၊ ဝက်ပါနှင့် ကြောင်လိမ်ဘုရားများရှိရာသို့ မရောက်ရောက်အောင် လှမ်းလာခဲ့ကြပါဟု ဖိတ်ခေါ်လိုက်ရပါသည်။

# ရေးမြို့၌ ဝါးထရံရက်လုပ်ခြင်းတစ်ပိုင်တစ်နိုင်လုပ်ငန်းများအဆင်ပြေ

**ရေး ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ဝါးများအနက် ဝါးယားဝါးအမျိုးအစားများကို ဝါးထရံရက်လုပ်ခြင်း၊ ခြံစည်းရိုးများ၊ ဝါးထရံလူနေအိမ်များအပြင် အဆောက်အအုံ တည်ဆောက်ရာ၌လည်း အသုံးခြင်းများကြောင့် ဝါးလုပ်ငန်းလုပ်ကိုင်သူများမှာ ယခုကာလအထိ အဆင်ပြေနေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါးကုန်ကြမ်းများမှာ ရာသီအချိန်အခါမရွေး ထွက်ရှိနေသော်လည်း နွေရာသီအချိန်တွေမှာ ဝါးထွက်ရှိသည့် နေရာအရပ်ဒေသများတွင် သွားရောက်ခုတ်ယူရသည့်အခါ မြစ်ချောင်းများကို အဓိကအားကိုးအမှီပြု သယ်ဆောင်ရခြင်းကြောင့် သယ်ယူမှုကို တစ်လအတွင်း နှစ်ကြိမ်သာ သယ်ယူနိုင်ကြောင်း ဝါးထရံရက်လုပ်သူများက ပြောသည်။

ထိုသို့ သယ်ယူရခြင်းကြောင့် ဝါးကုန်ကြမ်းပြတ်လက်မှုနှင့် ကြုံတွေ့ရသည့်အချိန်တွင် ဝါးဈေးကွက်က အနည်းငယ်မြင့်တက်သွားပြီး ဝါးနှင့်ပတ်သက်သည့် ပစ္စည်းများကိုလည်း အချိန်နှင့်တစ်ပြေးညီမရသည့်အတွက် ဝါးရောင်းချသူများနှင့် ဝါးထရံရက် လုပ်သူများမှာ လုပ်ငန်းလည်ပတ်မှုမရှိကြဘဲ ဝင်ငွေထိခိုက်ရကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။



အနှစ် ၃၀ လောက် ဝါးကာရံရက်လုပ်ခြင်းဖြင့်တစ်ပိုင်တစ်နိုင်ရက်လုပ်နေသူဦးအေးဝင်းက “ဝါးယားဝါးအမျိုးအစားဝါးများကို တစ်လုံးကို ကျပ် ၅၀၀ ပေးဝယ်ရပါတယ်။ ဝါးငါးလုံးနဲ့ညီမျှမှာသာ အရွယ် ၈ ပေ၊ ၉ ပေလောက်ရှိတဲ့ ဝါးထရံတစ်ချပ်ဖြစ်လာတာပါ။ လုပ်အားခအပါဝင် ဝါးထရံတစ်ချပ်ရဲ့ ကုန်ကျစရိတ်မှာ ကျပ် ၆၀၀၀ လောက်ကုန်ပါတယ်။ တစ်နေ့ကို ဝါးထရံလေးချပ်လောက်ပဲ ပြီးပါတယ်။ တစ်နေ့ ပျမ်းမျှလုပ်အားခက ကျပ် ၈၀၀၀ လောက် ရရှိပါတယ်” ဟု ပြောသည်။

ရေးမြို့နယ်တွင် ယနေ့အချိန်အထိ ဝါးယားဝါးအမျိုးအစားများကို တွင်ကျယ်စွာ အသုံးပြုနေသူများပြားနေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ထွန်း၍ အကျိုးအမြတ်များရကြကြောင်း၊ တစ်ပိုင်တစ်နိုင် ဝါးထရံရက်လုပ်သူများအနေဖြင့် ဝါးကုန်ကြမ်းပြတ်လတ်မှုကလွဲ၍ လုပ်ငန်းများ ပုံမှန်လည်ပတ်ကာ စားဝတ်နေရေးအဆင်ပြေကြကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

# စဉ့်ကိုင်မြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းများအားစစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေဦးးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စဉ့်ကိုင်မြို့နယ် တပ်ကြီးကျေးရွာ ကျေးလက်နေပြည်သူများ မွေးမြူထားသောဆိတ်မွေးမြူရေး အောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ကြက်စိမ်းကျေးရွာ ကျေးလက်နေပြည်သူများ မွေးမြူထားသော နွားမွေးမြူရေး အောင်မြင်ဖြစ်ထွန်းနေမှုများကို စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ကျောက်ဆည်ခရိုင်ရုံးတွင် ကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေးသင်တန်းပို့ချ

**ကျောက်ဆည် ဖေဖော်ဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဆည်ခရိုင်ရုံးတွင် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာမြင့်မားရေးသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်နံနက် ၉ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်တို့မှ ဝန်ထမ်းများ တက်ရောက်လျက်ရှိရာ တံတားဦးမြို့နယ် ဦးစီးမှူး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေနှင့် သတင်းမီဒီယာဥပဒေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်**

PES
Intensive English Training!!
Classes for IGCSE / IELTS / TOEFL / SAT
* Precise & Analytical Reading * Vocabulary Build-up
* Grammatical & Logical Writing
Free English Evaluation!
* English 4 skills + Vocabulary
* Writing နှင့် Speaking အတွက် လွယ်ကူသော Grammar
* English ဘာသာစကားဖြင့်သာ သင်ကြားမည်
Enroll Now!
Registration open for Summer Classes!!!
PES - Block(D) ... ဖုန်း - 09970531958 (English) 09253102473 (မြန်မာ)

ဦးအောင်ကျော် (Tu Tu - Su Su)
JO-4/မွေး/ရေ ရှုပ်သံကျွမ်းကျင်(၂)
၁၀၆၊ ၈၃ဦး တန်းလမ်း၊ လသာ၊ ဖုန်း - 250727, 09-5163884

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

စီးပွားပန်းခင်း 09-73009869 09-73013432 09-73028433
ပညာရေးဝန် ဆောင်မှုလုပ်ငန်း
ပထမနှစ်မှ နောက်ဆုံးနှစ်ထိ အဝေးသင်
စီးပွားရေး နှင့် ဝိဇ္ဇာတွဲမေဂျာဝ
(1.2.2016) ...
(29.2.2016) ... (20%) Discounts ရမည်။

(ချောင်း၊ ငှား၊ ဝယ်ယူ၊ ညှိနှိုင်းပေး)မည်
09 43133981, 245585, 246663

Glory Hope
အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS - TOPIK
(ကိုရီးယားဘာသာစကားအရည်ချင်းစစ် စာမေးပွဲ)
ပညာအရည်ချင်းမလိုဘဲ
သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
* လစာ(၁၈)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
* မြန်မာစကား ကျွမ်းကျင်သော ကိုရီးယားလူမျိုးဆရာ Kim သင်ကြားပို့ချချက်များ
* ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှ စာမေးပွဲအောင်မြင်သည်ထိ တာဝန်ယူ သင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များကို (၁၁.၂.၂၀၁၆)နောက်ဆုံး လက်ခံပါမည်။
တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။
လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)၃ထပ်၊ အထက်ပုဇွန်တောင်လမ်း
ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂
(လှည်းတန်းကျောင်းခွဲရှိသည်)
(အနီးဆုံး အရည်ချင်းစစ် စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန်အတွက် တန်းခွဲသစ် စတင်လက်ခံနေပါပြီ)

Summer English Course
NELC Don't Worry, Just Speak!
Nelson English Language Centre

Pre-school 3 to 5 years old
Young Learners 6 to 15 years old
Adult Over 16 years old
Communicative English Class & IELTS
Cambridge Courses Starters, Movers Flyers, KET PET&FCE
5-10 % off till 18 Feb
Get Free T-shirt & Calendar
Yangon
Myaynigone : 01 523680, 526311 Sanchaung : 01 501947, 098612639
Bo Aung Kyaw : 01 256516~7 Yankin : 01 8550727~8 Mayangone : 09 73065345
Mandalay : 09 91023900 Lashio : 082 26611
Pyin Oo Lwin : 09 400306019 Tachileik : 084 52572

ထိုင်းရင်းသားလေ့လာသည်ညီညွတ်ရေးနှင့် ပြည်သူ့ရဲဘော် ဗိုလ်ချုပ်အောင်ဆန်း၏ ...
ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး

ဆရာဦးမြင့်ဦး(အောင်ပွဲဝင်ရှပဗေဒ)ဦးစီးတည်ထောင်၍ ဆရာမဒေါ်မြတ်သီတာဦးနှင့် ဆရာငြိမ်းချမ်းစီစဉ်သည်။ (ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကက - ၁၃/၀၇/၁၇၂)

ပညာအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း (မူကြိုမှ ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါနှင့် နေ့တက်ဘော်ဒါ
* အလယ်တန်း (Grade-9) နှင့် တက္ကသိုလ်ဝင်တန်း (Grade-11) ... (English 4 Skills, Computer, Music, Sports) ...
"ပညာအောင်မြေ" ၏ မျှော်မှန်းချက်
စိတ်ဓာတ်-စည်းကမ်း-ပညာ ဖွံ့ဖြိုးသော နိုင်ငံသားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရမည်
ကျောင်းကား ရှိသည်
အုပ်ချုပ်ရေး လယ်ပြ/ထက်ပြ သင်ကြားရေး ဆရာ/ဆရာမများ (Study Guide)နှင့် အဆောင်မှူး(ကျား/မ)ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်သည်။
ကျောင်းတည်နေရာ
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း
DIPLOMA IN COMPUTER ARTS (Dip.CA)
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
MCC.i School of Multimedia & Creative Arts
Specialized in " Character Animation & Advanced Media "
Semester (1,2)
Graphic Production for Exporting any Media
Video/Audio Production, Motion Graphics & Visual Effects
Character Animation & Advanced Media
Specialized in " Multimedia & Infocom Technology "
Semester (1,2)
Graphic Production for Exporting any Media
Rich Media Content Creation, Interactive TV & Streaming Video
Multimedia & Information Communication Technology
ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) မှဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

ဖေဖော်ဝါရီလအတွင်း သင်တန်းသား/သင်တန်းသူများအား လက်ခံနေပါသည်။

သင်္ဇင်ပန်းလုလု
ထားဝယ်သဇင်ဥ၊ သဇင်ဥမျိုးစုံ
စိုက်ပြီးသဇင်တိုင်၊ တိုင်လွတ်
ဖုန်း-၀၁-၅၆၀၅၆၇၊
၀၉-၂၅၂၆၉၀၄၀၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၃၇၀)မြေကွက်အား ဦးမနီးယားပါ(TTE-၁၉၃၃၁၅)မှ မြေချပါမစ်ပျောက်ဆုံးသွား၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ မြေချပါမစ်မိတ္တူမှန် လျှောက်ထားလာပါသဖြင့် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မိတ္တူမှန်ထုတ်ပေးရေးကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကြော်ငြာ

**Modern Myanmar Travels** — ဘာသာမျိုးစုံလိုက်ပါ အထူးစီစဉ်ပေးပါသည်

Hotel Package
+ တောင်ကြီး၊ အင်းလေး၊ ရွှေတော်ကဲ့ဗူ 140000
+ ပုဂံ၊ ပုပ္ပါး၊ ဘွယ်တော်လေးဆူ၊ ပခုက္ကူ 130000
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မြိတ်ရစ် 180000
+ မော်တင်စွန်းဘုရားပွဲတော်၊ ရွှေတောင်ကမ်းခြေ (ငြိမ်း) 45000

ကျိုက်ထီးရိုး 10000; ချောင်းသာ 35000 / 50000; ငွေဆောင် 40000

Feb 5,11,19,21

၂၃မြ၊ ၃၇လမ်း (အထက်)၊ ကျောက်တံတား 09-450047016, 09-253540004

---

**ရွှေစိုးစည် ရှေ့စကော်တော်ပွင့်ပွဲအထူးခရီးစဉ် Feb11**

■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဘွယ်တော်လေးဆူ ပြည့်ဝင်းပြည့်)၊ ပခုက္ကူ 65000/- (50% ဒုံမ ကျော်မည်)

■(အလောင်းတော်ကဿပ+မုံရွာ) / မန္တလေး ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား

■တောင်ကြီး၊ အင်းလေး၊ ပင်းတယ ■မော်လမြိုင်၊ ကျိုက္ကမီ၊ ဇက်ခဲ Feb 5, 11

■ကျိုက်ထီးရိုး / ချောင်းသာ (မနေ့) 373275, 708342, 0949219404

---

**ကြည်နူးသာယာ Travels & Tours** 09451377913, 09451377914

Feb 11 အထူးခရီးစဉ်

မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (Hotel, Air-con Express, Guide, Gift)

Bonus ပြင်ဦးလွင် ခရီးစဉ်

ငပလီ-ငွေဆောင်-ချောင်းသာ Package များကိုစီစဉ်ပေးနေပါပြီ။

---

**အောင်ကြီးခရီးသွား** ၌ ချောင်းသာ (တနင်္လာ-ငြိမ်း) (2/3)-45000

တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကဲ့ဗူ (၄)ရက်-၅၅၀၀၀ ...

09-450765726, 09-781076743, 09-259113195

---

**New ရွှေလမ်း** ❶ မန်းရွှေစက်တော်ဘုရားပွဲတော်သို့

⊥ မန်းရွှေစက်တော်၊ ကျောင်းတော်ရာ၊ မင်းဘူး၊ မကွေး၊ ပြည်ဘုရားစုံ } Feb 11,12

⊥ မန်းရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဘွယ်တော်လေးဆူ) } ထွက်မည်

⊥ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ ဇက်ခဲ၊ မော်လမြိုင်ဘုရားစုံ အထူးခရီးစဉ် Mar 11

⊥ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ့်စမ်းဂူ၊ ရွှေတော်ကဲ့ဗူ } အပတ်စဉ်

⊥ အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် } သောကြာ

⊥ ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်) ⊥ ပြည်အကောက်တောင် (နေ့ချင်းပြန်)

09-250515335, 09-258888973, 09-258889910

---

**ရခိုင်ပြည်ဘုရားဖူးခရီး** ကောင်းထက်စံနှင့်အဖွဲ့ လက်မှတ်အိမ်ပို့ပေးသည်

ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးဘုရားပုထိုးများ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ ... 200000/(၅ည ၆ရက်) ဘုန်းကြီးကျောင်းတည်း 150000/ (04-3-16) ထွက်မည်။

Ph:09 448003431, 0949660481, 09 798860461

---

**ရွှေလမ်းခရီး** ...မှ မန်းရွှေစက်တော်ရာ

*အလောင်းတော်ကဿပ၊ (ဖိုလ်ဝင်တောင်/ရွှေဘတောင်) ခရီးစဉ်

*ပုဂံ (ဘွယ်တော်လေးဆူ) (ပြည့်ဝင်းပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ

*တောင်ကြီး (ရွှေတော်ကဲ့ဗူ) (ထမ့်စမ်းလိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ

*မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ သောကြာနေ့တိုင်း

*မန္တလေး၊ ပြင်ဦးလွင်၊ ဝေဠုဝန်ကျောက်စိမ်းဘုရား၊ ဒီးဒုတ်ရေပြာဆိုင်

*ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်

*မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက်မရော၊ ကျိုက္ကမီ၊ ဇက်ခဲကမ်းခြေ

*ကရင်ပြည်နယ်၊ ဘားအံ၊ ရွှေယဉ်မျှော်ဘုရား၊ ကျုံတော်ရေတံခွန်

*ကျိုက်ထီးရိုး(နေ့စဉ်) *ငွေ(ပြည်တော်ပြန်) *ပြည်၊ အကောက်တောင်

371317, 095124678, 09401589907

---

**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008, 707062, 09-861-7770

---

**ရွှေပင့်ကူ**

မန်းရွှေစက်တော် ပွင့်ပွဲ 35000/-

မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ 90000/-

Feb ၁၁ ထွက်မည်

---

**ELDORADO TRAVEL** (အယ်လ်ဒိုရာဒိုခရီးသွားလုပ်ငန်း)

| | | |
|---|---|---|
| ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း ခရီးစဉ် (4N/5D) | Feb-11 | 190000/- |
| အလောင်းတော်ကဿပ-မုံရွာ- ခရီးစဉ် (3N/4D) | Feb-11 | 120000/- |
| ပြင်ဦးလွင်-ဂုတ်ထိပ်-ရေပြာဆိုင်-ကျောက်စိမ်းဘုရား (3N/4D) | Feb-11 | 130000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (4N/5D) | Feb-11 | 160000/- |
| ပုဂံ (ဘွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ (4N/5D) Scania | Feb-11 | 180000/- |
| မန်းရွှေစက်တော်ပွင့်ပွဲခရီးစဉ် (2N/3D) | Feb-11 | 80000/- |
| ဆွန်ဂူ-ကျဲထောင်ရေတံခွန်ခရီးစဉ် (Feb - 5,6,11,12,13,19,20) | | 37000/- |
| ပြည်ဘုရားစုံ အကောက်တောင်/ ဇက်ခဲခရီးစဉ် (Feb - 5,6,11,12,27) | | 35000/- |

PH : 09 972447645 , 09 799652510 , 09 259256647

---

**ရွှေအိုးကြီး** Aircon Express

မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ကျုံတော် ... (85000 ks) Feb (11) ထွက် (၃)ရက်ခရီး

ရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ ကျောက်တော် ... ပေလီ Feb (26) ...

09 421073634, 09 777636630

---

**သိုးရာသီ** ဝမ္ဗဒါန

မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ

အလောင်းတော်ကဿပ ထမင်းကျွေး (၅၀၀၀၀/-)

ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ ထမင်းကျွေး (၄၀၀၀၀/-)

တောင်ကြီး၊ အင်းလေး၊ ပင်းတယ (ထမင်းကျွေး-၅၀၀၀၀/-)

Jan - 29, Feb - 4, 11

420144148, 421153797

---

**မျိုးမြတ်သူ ပြည်ဘုရားစုံ** A/C Express

Feb 5,10,11 အကောက်တောင် 22500

09254058712, 31568500 လက်မှတ်ပို့ပေးသည်

---

**OD TOUR** Since 1997

Oriental Dragon Travels & Tours Co.,Ltd.

| | |
|---|---|
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ထမ့်စမ်း | Feb.08.11.27 |
| + တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ လွိုင်ကော် | Feb.11.27 |
| + ပုဂံ(ဘွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ | Feb.11.27 |
| + ပုဂံ(ဘွယ်တော်လေးဆူ)၊ မန်းရွှေစက်တော် | Feb.11.27 |
| + မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ | Feb.11.27 |
| + မန္တလေး(ကျောက်စိမ်းဘုရား)၊ ပြင်ဦးလွင်(ဒီးဒုတ်ရေပြာဆိုင်) | Feb.11.27 |
| + ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ | Feb.11.27 |
| + ထားဝယ်၊ မြိတ်ကျွန်းစု (Flight/Coach) | Feb.11.27 |
| + မန္တလေး၊ ပြင်ဦးလွင်၊ မူဆယ်၊ ရွှေလီ | Feb.11.27 |

N0.52, Kyun Taw Street, Sanchaung Tsp, Yangon, Myanmar

Ph: 01-536 855, 504 808, 523 187, 09-5108087, 09-5187045

Email: odtravels@gmail.com, facebook.com/ODTour

---




**ကား မျိုးစုံ**

(Alphard/Crown/MarkII/အနီတော်ဝ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၃ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ... ငှားရမ်းပေးပါသည်။

Ph : 09795549249, 095418126

---

**Holiday Car Rental Service**

ရန်ကုန်မြို့တွင်း / နယ်ခရီး ... ငှားရမ်းနိုင်ပါသည်။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

Ph: 09-420077975, 09-5111235, 09-5075176, 09-420121837

---

**ဒဂုံမြို့သစ်**

အငှားပိုင်း သိမ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

09-6809893

09-5120620

---



C B BANK

ငွေလွှဲပေးပို့ခြင်း / ငွေလွှဲထုတ်ယူခြင်း / ငွေပေးသွင်းခြင်း ပြုလုပ်နိုင်သော

EASi Mobile Agents များစာရင်း

| စဉ် | အမည် | လုပ်ငန်းအမည်များ | နေရပ်လိပ်စာ | စဉ် | အမည် | လုပ်ငန်းအမည်များ | နေရပ်လိပ်စာ | စဉ် | အမည် | လုပ်ငန်းအမည်များ | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

## ကြော်ငြာ


**GOLDEN STAR** Travels & Tours

- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Feb-11
- မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Feb-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Feb-11

ကျိုက်ထီးရိုး၊ ရွှောင်းသာ၊ ငွေဆောင် (နေ့စဉ်)

Ph;703448, 09-5081580, 09-5036640, 09-5080860

**Minn San Eain** Travel & Tour Co.,Ltd

01-8551106
09-5044271

| | | Hotel Package |
|---|---|---|
| တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | Feb 11,19,26 | 150000 Ks |
| ပုဂံ(စွယ်တော်လေးဆူ)-ညောင်ဦး-ပုပ္ပါး | Feb 11,19,26 | 90000 Ks |
| အလောင်းတော်ကဿပ-မုံရွာ-စစ်ကိုင်း | Feb 11,26 | 140000 Ks |
| မန္တလေး-ဒီးဒုတ်ရေတံခွန်-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း | Feb 11,26 | 150000 Ks |

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး(နေ့စဉ်/ပြိုင်) 35000
ရွှောင်းသာ Hotel(ပြိုင်) 40000 / 50000
ငွေဆောင် (Hotel+ကား) 40000
ကားမျိုးစုံငှားရမ်းစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး
ရွှောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

၂၀၁၆ မဟာသင်္ကြန် ပိတ်ရက်မှာ ပျော်ရွှင်စွာဖြတ်သန်းဖို့ သင် ဘာတွေစီစဉ်ပြီးပြီလဲ ?

**NEW MOTION** Travels & Tours — Find us on Facebook

Boarding Pass — Escape From Everyday Life

America & Europe / Asia & Australia / Asia / Southeast Asia

Call Now!

www.newmotiontravelsandtours.com

Mandalay Office:
No.234, 33rd St, Bt 81 & 82 St.
Tel: 09-91021122, 43147879

Yangon Office:
No.20, Kyuntaw Road, Sanchaung Tsp.
Tel: 01-508124, 523253, 09-73148933~44~55~66

**Forward (YGN)Travel & Tour** မှ

01-569783, 09-5089800, 09-33345545, 09-259259182

| | |
|---|---|
| ကျိုက်ထီးရိုး နေ့ချင်းပြန်ခရီးစဉ် (ကား ရိုက် ပြိုင်) (အပတ်စဉ် စနေ / တနင်္ဂနွေ) | 30,000 |
| ဘားအံ-ကျုံကော်-ဆာခုရ နေ့ချင်းပြန်ခရီးစဉ် (ကား ရိုက် ပြိုင်) (အပတ်စဉ် စနေ / တနင်္ဂနွေ) | 35,000 |
| ပေါ်ထမြိုင် - ကျိုက်ထူပီ - စက်ဆံ နေ့ချင်းပြန်ခရီးစဉ် (ကား ရိုက် ပြိုင်) (အပတ်စဉ် စနေ / တနင်္ဂနွေ) | 35,000 |
| ပြည် - ထုံးဘို - အလောတ်တောင် နေ့ချင်းပြန်ခရီးစဉ် (ကား ရိုက် ပြိုင်) (အပတ်စဉ် စနေ / တနင်္ဂနွေ) | 35,000 |

ရွှေစက်တော်နှင့်ပူနှင့်ထမ်းသွားရန် Feb 11 (အပတ်စဉ် သောကြာ ထွက်မည်)

**Asia Angel Myanmar** Travels & Tours Co.,Ltd. — Hot Line: 09-43192055

ဗြိတိန်ခရီးစဉ်များ (နေ့ရှာအကျောင်းပြီးတိုက်ရက်နှင့် အတြဲနှိမ့်ရှိပြီးရက်)

April 8/9 (မှတ်ချက်-ညအောင်းလုံးပေးမောင်းမည်)
→ ဗုဒ္ဓဂယာ ခရီးစဉ် (15D/14N) USD 900 (ရထားပြိုင်)

March 20
→ ဗန်ကောက်-ပတ္တရား (4D/3N) USD 470

April 10
→ ဗန်ကောက်-ပတ္တရား (6D/5N) USD 650

09-451387115, 09-451387118, 09-49329438

**EASTERN SHINNING STAR** Travels & Tours

- စင်ကာပူ+မလေးရှား(ကွာလာ+Genting Highlands+လန်ကာဝီ) (၆ ညအိပ်/ ၇ ရက်) (April 12 - 18)(USD 1290)
- ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ(၅ ညအိပ်/၆ ရက်) Feb 12-17/ Mar 5-10/Mar 12-17(USD 400)
- ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ(၅ ညအိပ်/၆ ရက်) April 11-16 / April 12 -17 (USD 450)
- ဘရာဇီးနိုင်ငံ (၁၀ ညအိပ်/ ၁၁ ရက်) (April 9 - 19) (USD 6250)
- ကိုရီးယားနိုင်ငံ (ဆိုးလ်+ဂျယ်ဂျူး+ဘူဆန်) (၇ ညအိပ် / ၈ ရက်) (April 9 - 16) (USD 1990)
- ဂျပန်နိုင်ငံ (April 11- 16) (USD 2250) / ဘန်ကောက် - ဖူးခက် (April 11- 14) (USD 450)
- ကမ္ဘောဒီးယား + ဗီယက်နမ် (၅ ညအိပ်/၆ ရက်) Mar 4-9/ Mar 17-23 (USD 890) April 11-17
- ဥရောပ(၆)နိုင်ငံ (April9-23)(၁၄ ညအိပ်/၁၅ ရက်)USD 4490/စင်ကာပူသီးသန့်(Apr 12-15)(USD 850)

လူကြီးမင်းတို့ ESS ၏ ခရီးစဉ်များကို ယုံကြည်စိတ်ချစွာအပြည့်အဝဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
- 09 2528 52063, 09 7315 7452, 09 26177 3371
ဆက်သွယ်ရန်- အမှတ် (၂၈၄ - ခ)၊ ပထမထပ်၊လမ်း(၄၀)၊အထက်ဘလောက်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

**Daddy** Travels & Tours
Ph: 09 5026167
အတွေ့အကြုံရှိသော Tour Guide များ
Travels & Tours လုပ်ငန်းကျွမ်းကျင်သူများ ဆက်သွယ်လိုက်ပါ။

**ဟိန်း** 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်/နှစ်ချုပ်
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

**POSSIBLE** Travels & Tours

| | |
|---|---|
| ထားဝယ်မြို့နယ်- ဓါတ်ဆိုးတုံ- မန်းကော်ရွာ | (3N/4D) Jan29, Feb12 |
| အလောင်းတော်ကဿပ-မုံရွာ-စစ်ကိုင်း | (3N/4D) Jan29, Feb11,12 |
| ပုဂံ-ညောင်ဦး-ပုပ္ပါး | (3N/4D) Jan29, Feb11,12 |
| မန္တလေး-ပြင်ဦးလွင်-ဒီးဒုတ်ရေတံခွန် | (3N/4D) Jan29,Feb11,12 |
| တောင်ဥ-ထံကောင်းကြီး-မိုးကျနေဆံနန်း | (1D)Jan16,23,30Feb 6,11,12,13 |
| ကော့မှူးမြို့နယ်-ဆွန်ဝ-ကျိုကောင်းရေမူနှံ | (1D)Jan16,23,30Feb 6,11,12,13 |
| ပေါ်ထမြိုင်-ကျိုက်ထူပီ-စက်ဆံ | (1D)Jan16,23,30Feb6,11,12,13 |

ပင်လယ်-ငွေဆောင်-ရွှောင်းသာ Package များကို အပတ်စဉ် စီစဉ်ပေးနေပါပြီ။
အဆင့်မြင့် Air-con Express ကား၊ အဆင့်မြင့်စားသောက်ဆိုင်များဖြင့်သာ စီစဉ်ပေးပါသည်။
Ph: 01-706716, 01-9010327, 09-259257821~3, 09-250790919

နိုင်ငံတကာအဆင့်မီ **ရွှေနန်းတော်** စိန်ရွှေရတနာဆိုင်

ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၂၂)နှစ်ပြည့် အထူးအစီအစဉ်
သိန်းပေါင်း (2500) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
၂၀၁၆ ဇန်နဝါရီ (၁၈)ရက် မှ မေ (၂၉)ရက်နေ့အထိ

5% to 25% off

**Grand Lucky Draw Prizes**

| | |
|---|---|
| (၁) MAZDA3 Brand New ကား | (၂) စီး |
| (၂) ၅ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၃) ၃ကျပ်သား ရွှေဆွဲကြိုး | (၅) ကုံး |
| (၄) ၁ကျပ်သား ရွှေဆွဲကြိုး | (၁၀) ကုံး |
| (၅) ငါးမူးသား ရွှေဆွဲကြိုး | (၂၀) ကုံး |

Grand Lucky Draw ဖွင့်မည့်ရက် (၂၉-၅-၂၀၁၆) တနင်္ဂနွေနေ့
ညနေ ၄း၀၀ မှ ၆း၀၀
Myanmar Plaza (HAGL Group)
နိုင်ငံကျော်အနုပညာရှင်များ မှ ဧည့်ခံဖျော်ဖြေမည်။

ချက်ချင်းပေါက် ချက်ချင်းယူ မဲလာမဲပါ ကံစမ်းမဲ

| | |
|---|---|
| (၁) ၂ ကျပ်သား ရွှေဆွဲကြိုး | (၄) ကုံး |
| (၂) ၁ ကျပ်သား ရွှေဆွဲကြိုး | (၁၀) ကုံး |
| (၃) ၁၂ ပဲ ရွှေဆွဲကြိုး | (၁၀) ကုံး |
| (၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ | |

၁၈.၁.၂၀၁၆ — ၂၉.၅.၂၀၁၆ ထိ

**Forever Gems by ရွှေနန်းတော်**

၂၈-၁၂-၂၀၁၅ မှ ၁၇-၁-၂၀၁၆ အထိ ချက်ချင်းပေါက် ချက်ချင်းယူ မဲလာမဲပါ ကံထူးရှင်များ


Creation Strength Co., Ltd. မှ ကြီးမှူးကျင်းပသော
သင့်မိသားစု နောင်ရေးလုံခြုံစိတ်ချနိုင်စေရန်အတွက် အံ့ဩဖွယ်ရာကောင်းသောအရစ်ကျငွေချေစနစ်ဖြင့်
အဆင့်မြင့်ကွန်ဒို တိုက်ခန်းများ၊ ကားများ ပိုင်ဆိုင်နိုင်ရန်အတွက် လက်လွတ်မခံသင့်သည့်ပြပွဲကြီး
THE MOST AMAZING HOUSING, LIFESTYLE & CAR SHOW
နေ့ရက်- ၄.၂.၂၀၁၆ မှ ၇.၂.၂၀၁၆ အထိ
အချိန်- နံနက် (၉:၀၀) နာရီမှ ည (၆:၀၀) နာရီထိ
နေရာ- တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
THE BEST OF MYANMAR HOUSING, LIFESTYLE & CAR SHOW
ဖုန်း – ၀၉-၄၅၀၀၄၅၀၀၃၊ ၀၉-၄၅၀၀၅၅၈၈၈၊ ၀၉-၄၂၁၁၁၆၁၁၁


ဆူဇူကီးတရားဝင်အရောင်းကိုယ်စားလှယ်များထံ၌
ဆူဇူကီးမော်တော်ယာဉ်အားလုံးအား
အချက်(၁၅)ချက် စစ်ဆေးခြင်းအစီအစဉ်
လက်ခံမည်
စိတ်ချမ်းမြေ့မှု ရရှိခြင်း
မတ်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့အထိ
တစ်ပတ်ရစ်ကားများအပါအဝင်
ECSTAR
T-Shirt
SUZUKI
Way of Life!
ရဲနဒီ မော်တော်
၀၁ - ၂၈၁၆၁၉
အောင် မော်တော်
၀၁ - ၆၅၅၈၁၃
မျိုး မော်တော်
၀၁ - ၄၀၀၁၂၃
လွင်နှင့်စွမ်း မော်တော်
၀၁ - ၃၉၃၀၇၀
အေးအိုင်ဂျီ မော်တော်(မန္တလေး)
၀၉ - ၅၃၀၄၀၃၅၅


နှစ်သစ်အရောင်းမြှင့်တင်ခြင်းအစီအစဉ်
(၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိသာ)
SUZUKI
Way of Life!
The Brand New ERTIGA for Myanmar
新年快樂
၁.၄လီတာ အင်ဂျင်
အော်တိုဂီယာ(၄)ချက်ပါရှိခြင်း
Petrol
14.92*1 km/l
*1 ECER101
ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး
အထူးဈေးနှုန်း (US$ 17,900 ++)
ကျပ် ၁၉၉သိန်း + +
(First Come, First Serve Condition)
အာမခံ
၃ နှစ်/ကီလိုမီတာ ၁ သိန်း*2
NEW SUPER CARRY TRUCK
အထူးဈေးနှုန်း (US$ 5,777 ++)
ကျပ် ၆၉သိန်း + +
အရောင်းကိုယ်စားလှယ်များ
ရန်ကုန်
ရဲနဒီ မော်တော် ဖုန်း - (၀၁) ၂၈၁၆၁၉
မျိုး မော်တော် ဖုန်း - (၀၁) ၄၀၀၁၂၃
အောင် မော်တော် ဖုန်း - (၀၁) ၆၅၅၈၁၃
လွင်နှင့်စွမ်း မော်တော် ဖုန်း - (၀၁) ၃၉၃၀၇၀
မန္တလေး
အေးအိုင်ဂျီ မော်တော် ဖုန်း - (၀၉) ၅၃၀၄၀၃၅၅
facebook/Suzuki Myanmar Motor Co., Ltd.

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးချုပ် မောင်ဦးလွင် (ရေ-၁၂၂၀)

**စစ်တက္ကသိုလ် အမှတ်စဉ် (၁၉)**

**အသက် (၆၀)**

ရန်ကုန်မြို့နေ ဒေါ်မာလာဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဧရာဝတီ ရေတပ်စခန်း ဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးလှတင်

**အသက် (၁၀၄)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄)နှစ်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**ဒုတိယဝန်ကြီး ဦးတင်ငွေ-ဒေါ်ခင်မြချစ် မိသားစု**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးချုပ် မောင်ဦးလွင် (ရေ-၁၂၂၀)

**စစ်တက္ကသိုလ် အမှတ်စဉ် (၁၉)**

**အသက် (၆၀)**

ဗိုလ်မှူးချုပ် မောင်ဦးလွင်သည် ၁-၂-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)

**အသက်(၆၀)**

**ဌာနချုပ်မှူး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်**

ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)သည် ၁-၂-၂၀၁၆ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးညွန့်သိန်း-ဒေါ်ခင်ထားမေ**

**မြန်မာ့မဏ္ဍိုင်**

**Lamination & Post.Print services**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခွန်ထွေး(ခ) ဦးခွန်မောင်ထွေး

**အသက် (၆၀)**

တောင်ကြီးမြို့နေ ဦးခွန်ထွေး(ခ) ဦးခွန်မောင်ထွေး အသက် (၆၀)သည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘုန်းရောင်လျှံ ကျောက်ဆစ်လုပ်ငန်းနှင့်**

**မြန်မာမှုလုပ်ငန်း၊ ကိုဝင်းမေင်၊ ကိုအောင်ကျော်၊ ကိုအောင်သန်း၊ ကိုစိုးနိုင်**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာမာအေး

**B.Econ(Stats)(1982), KMA Construction (GM)**

**အသက် (၅၇)နှစ်**

ဒေါ်မာမာအေး(တောင်ငူ) (Eco-82သရဖီဆောင်)သည် ၂၉-၁-၂၀၁၆ (သောကြာနေ့) ည ၁၀း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံးကြီး ဦးနှောက်နှင့်အာရုံကြော၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-ခုနှစ်၊ စီးပွားရေးတက္ကသိုလ်**

**ကျောင်းသား/သူဟောင်းများ**

---

## ကန်ထရိုက်တာဦးစိုးလွင်သိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မြေရှင် ဒေါ်သီတာသန်းနှင့် ကန်ထရိုက်တာ ဦးစိုးလွင်တို့သည် အခန်းပေးအခန်းယူစနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၄/က)ရပ်ကွက်၊ ဓာဝေယာလမ်း၊ အမှတ် (၅၆၄)မြေကွက်တွင် ကန်ထရိုက်တိုက် ဆောက်လုပ်ခဲ့ကြပြီးနောက် ဒေါ်သီတာသန်းက ဦးစိုးလွင်ထံမှ (၇-၃-၂၀၁၄)ရက်စွဲပါ " နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ် " ဖြင့် ကန်ထရိုက်တာ ဦးစိုးလွင်ရရှိသော မြေညီထပ်ကို ငွေကျပ်သိန်း(၅၅၀)ဖြင့် သက်သေ ဦးရဲလွင်နှင့် ဒေါ်ဥမ္မာသန်းတို့ရှေ့တွင် စာချုပ် ချုပ်ဆို လက်ငင်းငွေချေပြီး ရောင်းချသည့် မြေညီထပ်တိုက်ခန်းကို ဒေါ်သီတာသန်းက လက်ရောက်ရရှိခဲ့ပါသည်။ ထိုသို့ ဒေါ်သီတာသန်းက လက်ရောက်ရရှိခဲ့ပြီးနောက် ဦးစိုးလွင်က အဆိုပါတိုက်ခန်းတွင် ၎င်း၏ရုံးခန်းဖွင့်လိုကြောင်း။ (၁)လလျှင် (၂)သိန်းကျပ်ဖြင့် ငှားရမ်းခွင့်ပြုပါရန်ပြော၍ ရုံးခန်း ငှားရမ်းခဲ့ပြီး ၎င်းပိုင်သော့ဖြင့် ခတ်ခွင့်ပြုပါရန် ဦးစိုးလွင်က မေတ္တာရပ်ခံ တောင်းပန်သဖြင့် ဒေါ်သီတာသန်းက ခွင့်ပြုခဲ့ပါသည်။ လအနည်းငယ်ကြာ ရုံးခန်း ဖွင့်ပြီးနောက် ဦးစိုးလွင်မှာ ငှားရမ်းထားသောတိုက်ခန်းကို ပြန်မလာတော့သဖြင့် ဒေါ်သီတာသန်းမှာ များစွာအခက်အခဲဖြစ်နေရသည့်အတွက် ကန်ထရိုက်တာ ဦးစိုးလွင်အား ငှားရမ်းထားသောတိုက်ခန်းကို ပြန်လည်ပေးအပ်ရန် တောင်းဆိုလိုက်သည်။ (၇)ရက်အတွင်း ဦးစိုးလွင်မှ ဒေါ်သီတာသန်းအား တိုက်ခန်းကို ပြန်လည် မပေးအပ်ခဲ့ပါက ဦးစိုးလွင်ကို ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးနေထွန်းကြည် ( B.Sc., D.A., H.G.P., R.L )

တရားလွှတ်တော်ရှေ့နေ (စဥ် – ၄၇၆၆)

၈၄ မန္တလေးလမ်း၊ ကန့်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြမြ (ကထိက၊ ပြတိုက်ပညာဌာန) (၄၉)နှစ်

**ရှေးဟောင်းသုတေသန၊ နည်းပညာသင်တန်းကျောင်း(ပြည်)**

ရှေးဟောင်းသုတေသန၊ နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဒေါ်မြမြသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁း၃၅ နာရီတွင် ကွယ်လွန်သွာ ကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊**

**ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးလှတင်

**အသက် (၁၀၄)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄)နှစ်သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးခင်မောင်အေး-ဒေါ်ညွန့်တင် မိသားစု**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးလှတင်

**အသက် (၁၀၄)နှစ်**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက် (၁၀၄)နှစ် သည် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားသည့် အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်-ဒေါ်အေးအေးမြင့်နှင့်**

**ပြည်ထောင်စုဝန်ကြီးရုံးဝန်ထမ်းမိသားစုများ**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးကျော်သိန်း (ငြိမ်း)၊ ကြည်း-၆၈၃၄ (၈၂) နှစ်

**မော်ကွန်းဝင်ဒုတိယဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်**

**ရန်ကုန်တိုင်း၊ပြည်သူ့ကောင်စီဥက္ကဌ(ငြိမ်း)တောင်ငူအသင်း ရာသက်ပန်နာယကကြီး**

ဗိုလ်ချုပ်သန်းထွတ်သိန်း-ဒေါ်ခင်ကြည်ပြာ(ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မန္တလေး)တို့၏ဖခင် ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)သည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ်(၁၂) နေအိမ်၌ ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဂျီအက်(စ်)ရှာမား(ခ)ဦးဂျီရှုန်ကာ (BA.BL)

**အသက် (၇၆) နှစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဌ(ဟောင်း)၊ YAMONA INTERNATIOLAL CO., LTD. မန်နေဂျင်းဒါရိုက်တာ ဦးဂျီအက်(စ်)ရှာမား(ခ)ဦးဂျီရှုန်ကာ (BA.BL)သည် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)နှင့် အဖွဲ့ ခွဲများအား ဘာသာရေး၊ လူမှုရေး၊ ပရဟိတလုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်ရန် အချိန်၊ လူအား၊ ငွေအားတို့ဖြင့် အားပေး ဆုံးမဩဝါဒများပေးခဲ့ပြီး ဟိန္ဒူသာသနာနှင့်ဘာသာအပေါ်တွင် အများ အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်ခဲ့သူ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး အလွန်တရာ ရိုသေလေးစား ဂါရဝ နိဝရနတရားထားအပ်ပါသော ဦးဂျီအပ်(စ်) ရှာမား(ခ)ဦးဂျီရှုန်ကာသည် ၄-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိမိတို့ဗဟိုအဖွဲ့နှင့် အဖွဲ့ခွဲများအပါအဝင် ဟိန္ဒူဘာသာမျိုးနွယ်စုများအားလုံးအတွက် ကြီးမားစွာသောဆုံးရှုံးမှုဖြစ်ပြီး မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ၎င်း၏ သန့်ရှင်းသောအာသမာသည် ကရစ်ရှနားဘုရားရှင်၏ ကယ်တင်ခြင်း၊ စောင့်ရှောက် ခြင်းကို ရရှိနိုင်ပါစေကြောင်း တောင်းဆုပတ္ထနာပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) အား တည်ထောင်သူနှင့်**

**နာယက ဂုဏ်ထူးဆောင်အကြံပေးလူကြီးမင်းများ**

*** ဥက္ကဌ၊ အထွေထွေအတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ**

*** ပဲခူးအဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်ကော်မတီဝင်များ**

*** မော်လမြိုင်အဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ**

***သထုံအဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ**

*** မန္တလေးအဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ**

*** ရန်ကုန်အဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ**

*** တနင်္သာရီအဖွဲ့ခွဲဥက္ကဌ၊ အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင် ကော်မတီဝင်များ အပါအဝင် တမီလ်ဟိန္ဒူမိသားစုများ**

---

## ကျေးဇူးအထူးတင်ရှိခြင်း

### အလ်ဟာဂျ်ဦးတင်ဝင်း(အန်ဆွာရီ)၊ အသက်(၆၆)နှစ်

**တရားလွှတ်တော်ရှေ့နေ၊ ဒုတိယဥက္ကဌ**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

၃၀-၁-၂၀၁၆ (စနေနေ့) နံနက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားခဲ့သော အလ်ဟာဂျ်ဦးတင်ဝင်း၏ ဈာပနကိစ္စအဝဝအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်ဥက္ကဌကြီး၊ အတွင်းရေးမှူးချုပ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုအမှုဆောင်များ၊ အစ္စလာမ်ကောင်စီဝင်များအားလည်းကောင်း၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်း အသီးသီးတို့မှ ခေါင်းဆောင်များအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်းမေးမြန်းအားပေးနှစ်သိမ့်ပေးကြသူများအားလုံးအားလည်းကောင်း၊ (၂၉) လမ်း အထက်လမ်း နာရေးကူညီမှုအသင်းမှ လူငယ်များနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တကုသလမဟာထေရ်

**(သာသနာ့ဓဇ အစိုးရဓမ္မာစရိယ၊ သိမ်ဝဂိုဏ်း၏ အကျိုးတော်ဆောင်)**

**သိက္ခာတော် (၅၆)ဝါ၊ သက်တော် (၇၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကွန်းညောင်ရမ်းရပ်၊ ကုသိနာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်အရှင်သူမြတ်သည် (၁၃၇၇ ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်) ၆-၂-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပန သာဓုကီဠာနသဘင်ပြုလုပ်ကျင်းပ မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအားအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

တပည့်ဒါယကာ-ဒါယိကာမများ

---

## ရဟန်းဒါယကာကြီး

### ဦးစိန်သန်း

**အသက်(၇၅)နှစ်**

**စာရင်းစစ်မှူး(ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးလှမောင်-ဒေါ်အေးခင်)တို့၏ သား၊ ရန်ကုန်မြို့ (သမိုင်း)နေ (ဦးမြမောင်-ဒေါ်အေးသင်)တို့၏သားသမက်၊ (ဦးဟန်ညွန့်)-ဒေါ်ခင်အေးမူ (ဒေါက်တာ ယဉ်ငြိမ်း)-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးသိန်း-ဒေါ်စန်းစန်းရီ၊ ဦးကျော်ဆန်းဝင်း-ဒေါ်ဝင်းကြည်၊ ဦးငွေဝင်း-ဒေါ်မြင့်မြင့်ခင်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ခရေပင် လမ်း၊ တိုက်(၅)၊ အခန်း(ဝ၀၂)၊ ကျန်စစ်သားအိမ်ရာနေ ဦးကောဏ္ဍည (သမိုင်း)၊ မခိုင်ခိုင်ဦး၊ မမိုးသီတာ၊ မဝင်းသီတာသန်း၊ မသီတာစိန်တို့၏ မွေးသဖခင်၊ ဒေါ်ကျင်လှိုင်၏ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့)ညနေ ၄း၄၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၄-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၆-၂-၂၀၁၆ (စနေနေ့)တွင် အထက်ပါ (ဦးစိန်သန်း)-ဒေါ်ကျင်လှိုင်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်စိန် (၇၃)နှစ် သတင်းတပ်ဖွဲ့(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးလှထွန်း-ဒေါ်ကြည်)တို့၏သား၊ (ဦးဘရှင်-ဒေါ်အေး) တို့၏သားသမက်၊ အမှတ်(၃၈)၊ တတိယထပ်(အေ)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာ သောခင်ပွန်း၊ မမေသဥ္ဇာဦး(ခ)မမွန်သူ၊ မောင်ဇော်ဝင်း-မရည်မွန်ထိုက်(USA) တို့၏မွေးသဖခင်၊ Austin သူ့ထက်ဝင်း၏အဘိုးသည် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၆ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပဒေသာပင်

### ဒါယိကာမကြီး ဒေါ်တင်အေး အသက်(၇၀)

**မြောင်းမြ၊ ကွယ်လွယ်၊ ကွမ်းခြံ**

**ကျောက်မြောင်း၊ တာမွေ**

မြောင်းမြမြို့နယ်၊ ကဝက်ကျေးရွာနေ ဦးဘထွန်း၊ ဒေါ်စောညွန့်တို့၏သမီးချွေးမ၊ မြောင်းမြ၊ ကွယ်လွယ်၊ ကွမ်းခြံနေ ဦးကံလှိုင်၊ ဒေါ်သင်းကြိုင်တို့၏သမီး၊ မြောင်းမြ၊ အောင်ချမ်းသာ ရပ်ကွက်နေ အစ်မကြီးဒေါ်ခင်ရီ၏ ညီမ၊ အိမ်မဲမြို့နေ ဦးအောင်ကိုကို၊ ဒေါ်သီတာအေးတို့၏ ကြီးကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် (၂၃)၊ ပထမထပ်(ခြေရင်း) နေ ဦးညွန့်အောင်၏ဇနီး၊ ဒေါ်စန်းယုအောင်၊ ဒေါ်ဇာလီအောင်တို့၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်တင်အေးသည် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မေမေမှာထားခဲ့သည့်အတိုင်း ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဈာပန ပြာချလို့ပြီးပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးညွန့်အောင်နှင့် သမီးများ

---

## ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

### ဒေါ်သန်းခင် (၈၉)နှစ်

ဟင်္သာတမြို့နေ (ဦးမှန်-ဒေါ်ကျုပ်) တို့၏ သမီး၊ ညောင်တုန်းမြို့နေ(ဦးဆိုင်-ဒေါ်ကျင်) တို့၏သမီးချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မာလာဝင်း၊ ဦးလှဝင်း၊ ဦးခင်မောင်ဝင်း၊ ဒေါ်ခင်မျိုးမျိုးဝင်း၊ ဒေါ်ဇင်ဇင်မာဝင်းတို့၏ မိခင်ကြီးသည် ၁၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၆ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

### ဒေါ်နော်အုန်းမေ

**အသင်းဝင်အမှတ်(၀၂၀၈)**

**စာရင်းစစ်(၁) ငြိမ်း**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက် (၇၅) နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅) ရပ်ကွက်နေ ဒေါ်နော်အုန်းမေသည် ၂၆-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွား ပါ၍ ၂၈-၁-၂၀၁၆ ရက်တွင် သင်္ဂြိုဟ် ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

### ဦးငွေနှင်း

**အသင်းဝင်နံပါတ်(၀၈၆၆)**

**ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)**

**အသက် (၇၄)နှစ်**

မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်နေ ဦးငွေနှင်းသည် ၃၁-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ ရက်တွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့




---

## အထူးဝမ်းနည်းကြေကွဲခြင်း

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### အလ်ဟာဂျ်ဦးတင်ဝင်း (အန်ဆွာရီ) တရားလွှတ်တော်ရှေ့နေ

**အသက် (၆၆)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် ဒုတိယဥက္ကဌ အလ်ဟာဂျ်ဦးတင်ဝင်း(အန်ဆွာရီ)သည် ၃၀-၁-၂၀၁၆ (စနေနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဗဟိုအမှုဆောင်အဖွဲ့**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

Hot Line No-09305000100

# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

သတင်း - စာမျက်နှာ » ၈

# နိုင်ငံတကာရိုးရာလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

သတင်း - အောင်ကျော်ဦး
ဓာတ်ပုံ- ခင်မောင်ဝင်း



**ရန်ကုန်  ဖေဖော်ဝါရီ  ၃**

နိုင်ငံတကာရိုးရာလက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနိုင်ငံတတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို "HEROES & SAMURAIS" ဟုအမည်ပေးထားပြီး အဓိကအထူးစိန်ခေါ်ပွဲများအဖြစ် စောဂေါ်မူဒို(မြန်မာ)နှင့် ရှီမာမူယာနာအိုကီ(ဂျပန်)၊ သပြေညို(မြန်မာ)နှင့် ကာနီကိုဒိုင်ကီ(ဂျပန်)တို့ပွဲစဉ်များအပါအဝင် ပွဲစဉ်ပေါင်းကိုးပွဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးကြပ်ပြီးတော့ ဒီနှစ်လေးပွဲလုပ်ဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတကာပွဲနှစ်ပွဲနဲ့ ပြည်တွင်းပွဲစဉ်နှစ်ပွဲလုပ်မှာ ဖြစ်ပါတယ်။ ထူးခြားတာက နိုင်ငံတကာအတွေ့အကြုံကောင်းတွေရှိထားတဲ့ ဂျပန်လက်ဝှေ့သမားနှစ်ယောက်က မြန်မာ့ရိုးရာလက်ဝှေ့စည်းမျဉ်းနဲ့အညီ ပထမဆုံးအကြိမ်ထိုးသတ်သွားမှာပါ။ ဂျပန်အားကစားသမားတွေစိတ်ဓာတ်က ပြိုင်ဆိုင်မှုပြင်းထန်တယ်။ ရေကုန်ရေခန်းယှဉ်ပြိုင်တဲ့ဇွဲရှိတယ်။ တော်ရုံနဲ့တော့ အရှုံးမပေးဘူး။ စောဂေါ်မူဒိုနဲ့ ယှဉ်ပြိုင်မယ့် ရှီမာမူယာက ဂျပန်လက်ဝှေ့လောကမှာ တစ်နေ့တည်းလေးပွဲလောက်ထိုးဖူးတယ်လို့ သိရတယ်။ သူတို့က ခံနိုင်ရည်နဲ့ သက်လုံအတော်ကောင်းတာကိုတွေ့ရတယ်။ ဒါကြောင့် မြန်မာလက်ဝှေ့ပရိသတ်အကြိုက် ပွဲကောင်းတွေဖြစ်လာနိုင်ပါတယ်" ဟု Myanmar Media Management ပွဲစီစဉ်သူ ကိုစိုးသူရရွှေက ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့**

ယနေ့

## မာတိကာ


၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

အချပ်ပို » ၁

မန္တလေးမြို့တွင် ပန်းပင်များနှင့်အတူ ကျောက်စားပွဲ၊ အရုပ်များဖြင့် အလှဆင်မှု များပြားလား

စာမျက်နှာ » ၁၀


# လာအိုက ဗီယက်နမ်သို့ ပေးပို့နေသော လျှပ်စစ်ဓာတ်အားထက် မြန်မာနိုင်ငံသို့ လျှပ်စစ်ဓာတ်အား ပိုမိုပေးပို့မည်ဟုဆို

ဗီယန်ကျင်း  ဖေဖော်ဝါရီ  ၃

**လာအိုနိုင်ငံသည် လာမည့်လအနည်းငယ်အတွင်း ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှုတိုးမြှင့်လုပ်ဆောင်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း မဝေးတော့သည့် အနာဂတ်ကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀ ခန့်အထိ လာအိုနိုင်ငံမှ ပေးပို့လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သည်နေရှင်းက ဖေဖော်ဝါရီ ၃ ရက်တွင် သတင်းဖော်ပြထားသည်။**

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# မြန်မာ့လက်ရွေးစင်အသင်း၏ အပတ်စဉ်လေ့ကျင့်မှု စတင်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပတ်စဉ် လေ့ကျင့်မှုကို ယနေ့စတင်ခဲ့ပြီး ကစားသမားအများစု လာရောက်လေ့ကျင့်ခဲ့သည်။**(ဓာတ်ပုံ)**

မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်ကို ပဏာမလက်ရွေးစင်ကစားသမား ၂၉ ဦးထဲမှ ကစားသမား ၁၈ ဦး လာရောက်လေ့ကျင့်ခဲ့ပြီး ၁၁ ဦး လာရောက်ခဲ့ခြင်းမရှိပေ။ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲသွားရောက်ကစားခဲ့သည့် ရန်ကုန်အသင်းမှ ကစားသမားခြောက်ဦးနှင့် ဒဏ်ရာရရှိနေသူ သုံးဦး၊ MNL ပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန် နယ်မြို့များသို့ ရောက်ရှိနေသည့် ရာဝတီအသင်းမှ နှစ်ဦးနှင့် ဇေယျာရွှေမြေအသင်းမှ တစ်ဦးတို့ လာရောက်နိုင်ခြင်း မရှိခဲ့ပေ။ မြန်မာ့လက်ရွေးစင်အသင်း

**စာမျက်နှာ ၉ ကော်လံ ၅ သို့**


၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
တည်ထောင်သည့်
ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဗိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ခုံ ၂၇) Grade 10 (ခုံ ၄) Grade 9,8,7,6 (ခုံ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀ ၂၀
၂၀၁၆ - ၂၀၁၇
ကျောင်းအပ် လက်ခံပါပြီ
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ]
Grade 9
ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း


themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြု လေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင် ဆိုပြီး အပိုင်းကြီး (၅)ပိုင်း ပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄) ပိုင်းအတွက် စုစုပေါင်းအမှတ် (၆၀) ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့်ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခု ဖြစ်ပြီး (၁၀)မှတ်ဖိုး ဖြေရမယ်။ မေးခွန်း၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ် ပေးထားတယ်။ ဓမ္မဓိဋ္ဌာန်လိုပဲမဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန် လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။

ဒါ့အပြင်ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ရေဆင်း၊ ရာသီဉတု၊ သဘာဝပေါက်ပင်နဲ့မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှသိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့်မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ကောင်းကင်ဓာတ်ပုံ အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကို ဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာ ဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကို ဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှ အကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း)နှင့်

(၃)ပုံပြစကေး(ဥပမာ-အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့် (၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး **ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်း**အကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိက နှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့် အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်း ဆိုပြီးနည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ အသုံးပြုရမယ့်ပုံသေနည်း(က) ကတော့

$$\text{Scale or RF} = \frac{f}{H}$$

**<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>**

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကို ရှာပါ။

တွက်နည်း

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?



အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

$H = ၆ \times ၆၀၀၀$

$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$

$H = ၃၀၀၀$ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

**<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>**

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့်(A)မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကို ရနိုင်ပါတယ်။

**ဥပမာ။** လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကို ရှာပါ။

**တွက်နည်း**

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ

ကင်မရာဆုံတာ (f) = ၆လက်မ

တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



**စာမျက်နှာ ၂ သို့ »»**

»» စာမျက်နှာ ၁ မှ

အသုံးပြုသောပုံသေနည်း $\text{Scale or RF} = \frac{f}{(A-h)}$

$$RF = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀ - ၁၅၀၀ ပေ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၅၀၀၀ - ၁၂ လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

RF = ၁း၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေး နှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

**သင်္ကေတရှင်းလင်းချက်အနေနဲ့**

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး၊ ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင်၊ ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

**တွက်နည်း**

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀

မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?




အသုံးပြုသောပုံသေနည်း $RF = \frac{PD}{GD}$

$PD = GD \times RF$

$$PD = (\text{၃၀၀၀} \times \text{၁၂}'') \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$= \text{၃၆၀၀၀}'' \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

PD = ၃ လက်မ

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ အသုံးပြုရမည့်ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး၊ ယင်းမြေပုံ၏ စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မ ဖြစ်လျှင်၊ ဓာတ်ပုံ၏စကေးကိုရှာပါ။

**တွက်နည်း**

မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ

မြေပုံ၏စကေး MS = ၁း၅၀၀၀

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ

ဓာတ်ပုံ၏စကေး RF = ?



အသုံးပြုသောပုံသေနည်း $RF = \frac{PD}{MD} \times \text{Map Scale}$

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$

$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$

$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီးတွက်ရမှာ ဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကိုသိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ (ခ)သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျူ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရုပ်ပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ဆ မှ ၁၀ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ် မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)

၁ လက်မပေါ်မှာပြန်ရှာရင် $= \frac{\text{၁} \times \text{၅၂၈၀}}{\text{၅}}$ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါ့ကြောင့် ဒေါင်လိုက်စကေး၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်ကတော့

- ပထမဦးဆုံး ပေးထားတဲ့ ကွန်တို မြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။




- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလို မှတ်တဲ့အခါ ပေးထားတဲ့ ကွန်တို ခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ



- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

**ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ**




- ပြီးရင် ဂရပ်စာရွက်ပေါ်မှာ ပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှတွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

- ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ် အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက်အမှတ်များချပြီး မှတ်ပါ။




စာမျက်နှာ ၃ သို့ »»

»»» စာမျက်နှာ ၂၂ မှ

- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။




- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ ‘က’နှင့် ‘ခ’ ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ Vပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂)ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈) အောက်၂ခုဟာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းတွင်ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ။ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ် အလယ်ဗဟိုမှ ဖြတ်စီးနေပါက “မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်” အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့) ပါရှိပါက “မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်”ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ။ မြေပုံ၏ စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့ အနံဟာ (၈)လက်မနဲ့ (၄)လက်မ ရှိပါက စကေးအရ မြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်း ဧရိယာဟာ (အလျား၄မိုင်×အနံ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့ မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရှိတယ်လို့ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။




အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ ‘က’ အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး ‘ခ’ အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင် ရှိသည်။

ထို့ကြောင့် ‘က’ မှ‘ခ’ ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။



‘က’နေရာသည် အမြင့်ပေ(၃၀၀)အောက်၌ရှိပြီး အရှေ့ဘက်ရှိ‘ခ’သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ ပေ၃၀၀နှင့် ပေ၄၀၀ ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ ‘ခ’ မှတ်နှင့် ဆက်သွယ်ထားသည်။ ‘ခ’ အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

<u>မြေပုံပါဒေသ၏ ရူပပထဝီဝင်</u>

<u>တည်နေရာနှင့်အကျယ်အဝန်း</u>

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃'အတွင်းနှင့် အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ(၂၁. ၆၂)စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။

<u>မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း</u>

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်းတွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ(၄၃၈)ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ(၂၀၀)ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သောအပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကို တွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

<u>အောက်ခံကျောက်</u>

မြေပုံပါဒေသတွင် ရေနံတွင်းများတွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

<u>ရာသီဥတု</u>

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းအတွင်းတည်ရှိပြီး ပေ(၃၀၀)အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်း တို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကိုရရှိမည်။

<u>သဘာဝပေါက်ပင်</u>

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးခြုံတော၊ ထနောင်းစသော ခြောက်သွေ့တောများပေါက်နိုင်သည်။

<u>မြေဆီလွှာ</u>

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်၍ လယ်မြေ များရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

<u>လူဦးရေ</u>

မင်းဘူးမြို့နှင့်ကျေးရွာအများအပြား တွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

<u>လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ</u>

မကွေးတိုင်း မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာ အဓိကကိုးကွယ်ကြသည်။

<u>မြို့ရွာပျံ့နှံ့တည်ရှိမှု</u>

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီ နွံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ- ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်) ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြသည်။

<u>စီးပွားရေးပထဝီဝင်</u>

အဓိကလုပ်ငန်းမှာစိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

<u>စိုက်ပျိုးရေး</u> မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

<u>ငါးဖမ်းလုပ်ငန်း</u> ဧရာဝတီမြစ်နှင့်ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်နိုင်သည်။

<u>တွင်းထွက်တူးဖော်ရေး</u> ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မည်။

<u>စက်မှုလုပ်ငန်း</u> မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

<u>လမ်းပန်းဆက်သွယ်ရေး</u>

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြုဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှ တစ်ရွာသို့ လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊ တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများ တွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

<u>ကုန်သွယ်ရေး</u>

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာလိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံ အများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။ ။

**ဒေါက်တာထွန်းကို၊ ပါမောက္ခ၊ ဌာနမှူး**
**ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်**